# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၄)ရက် ၊ တနင်္ဂနွေနေ့ ၊ (13-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၇၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပပြုလုပ်




**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိရေဆင်းဆည်အတွင်း ငါးသယံဇာတများ တိုးပွားစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများက ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ငါးမျိုးများကို ဦးဆောင်စိုက်ထည့်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)


**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ရေဆင်းဆည်အတွင်း ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ဒေသတွင်းစီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME လုပ်ငန်းများအားပေး

MSME လုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြင့်တင်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ ဒေသများအလိုက် MSME ကို အခြေခံသည့်စက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မြို့ပြများနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှုများ လျော့ပါးသွားမည်ဖြစ်သည်။

ဒေသတွင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးကို တွင်ကျယ်စွာလုပ်ကိုင်နိုင်ပါက ဖူလုံစွာသုံးစွဲနိုင်ရေးကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံမှုများကို ပြည်ပသို့ဆက်လက်တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ MSME ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက်၌ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ဆွေးနွေးပြောကြားရာတွင် **"မိမိအနေဖြင့် မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်းဟူ၍နှစ်ပိုင်းရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ မိတ္ထီလာဒေသတွင် ကြီးမားသည့်စက်ရုံအလုပ်ရုံများမရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်းဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝင်ငွေရရှိရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများအတွက် လိုအပ်သည့်စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် သုတေသနလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း"**စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးမြေများကို စနစ်တကျဖြင့် မှန်မှန်ကန်ကန်အသုံးချမှုရှိစေရေး ကြပ်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးရာတွင် ဒေသတွင်းရှိ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူသူများအနေဖြင့် နည်းစနစ်ကျနစွာစနစ်တကျလိုက်နာ၍ စိုက်ပျိုးမွေးမြူပါက ဒေသတွင်းစီးပွားလုပ်ငန်းများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တိုက်ရိုက်ဆက်နွယ်နေပေသည်။ ဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းရှင်များ၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူသူများအနေဖြင့် ဒေသတွင်းရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရုံသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအသီးသီးရှိ ပြည်သူများက MSME လုပ်ငန်းများကို အားပေးကာ အတူတကွပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၇၅၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၆၉၆၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၅၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ပဲစင်းငုံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်တယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်အတွင်းရှိ ပဲစင်းငုံစိုက်ပျိုးကြသောတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရွက်ဖျန်းမြေဩဇာဝယ်ယူမှု လျော့ချနိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲသည့်နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့်လက်ချား ပေါင်းစပ်သုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှုကောင်းကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်သာကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးလက်နေပြည်သူများ ဝင်ငွေတိုးကာ စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခင်သာကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်ထံမှ သိရသည်။

**နီလာ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ခုံးစိမ်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ခုံးစိမ်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် သဘာဝအတိုင်းဖမ်းယူရရှိသည့်ခုံးစိမ်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မေလအတွင်း ခုံးစိမ်းပိသာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ခုံးစိမ်းပိသာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"လပွတ္တာဘက်က ထွက်ရှိတဲ့ ခုံးစိမ်းတွေကို ပြည်တွင်းဈေးကွက်အပြင် အခြားဒေသဈေးကွက်ကပါ အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်း ခုံးစိမ်းတွေ အရောင်းအဝယ် ကောင်းခဲ့ပါတယ်။ လပွတ္တာမြို့နယ်ဘက်က ဒေသခံတွေက ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ခုံးစိမ်းတွေကို သဘာဝအတိုင်း ရှာဖွေဖမ်းယူတာဖြစ်ပါတယ်။ ဒေသထွက် ခုံးစိမ်းတွေကို လပွတ္တာမြို့နယ်ကနေ တစ်ဆင့် ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကိုင်မြို့နယ် အုန်းလက်ကောက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းလက်ကောက်ကျေးရွာအုပ်စု အုန်းလက်ကောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ အုန်းလက်ကောက်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အုန်းလက်ကောက်ကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ စတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မြောင်မြို့နယ်တွင် ပဲတီစိမ်း ၁၁၅၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၁၅၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၆၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၅၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲတီစိမ်းဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် မြောင်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို တစ်ဧကပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ပေါင်းတည်မြို့နယ် ညောင်ပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ပင်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ကျောက်ဆည်မြို့နယ် စိုင်မလန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျောက်ဆည် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် စိုင်မလန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ စိုင်မလန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင် ငွေကျပ် ၄၂ သိန်း စုစုပေါင်းငွေကျပ် ၁၉၂ သိန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သူသူ**

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းငွေတိုးစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ တစ်လအတွင်း ငွေတိုးစပါး တင်းရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငွေတိုးစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငွေတိုးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်း ညောင်တုန်းမြို့နယ်ကနေ ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ငွေတိုးစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ငွေတိုးစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မျိုးသူ(ကုန်သွယ်မြှင့်)

# စားသုံးဆီနှင့် လူသား

**❖မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်စစ်တမ်းအရ စားသုံးဆီသုံးစွဲမှုသည် လူတစ်ဦးလျှင် တစ်နှစ်ကို ကိုးပိဿာမှ ဆယ်ပိဿာထိရှိသည်ဟုသိရပြီး နှစ်ပေါင်း ၂၀ ခန့်အတွင်း ရာခိုင်နှုန်းတစ်ခုမြင့်တက်လာခြင်းဖြစ်သည်ဟုဆိုသည်။ ဆီစားသုံးမှုမြင့်တက်လာခြင်း၊ အထူးသဖြင့် စားအုန်းဆီသုံးစွဲမှု မြင့်တက်လာခြင်းသည် ကျန်းမာရေးအတွက် ကောင်းကျိုးမဖြစ်နိုင်ဟု ဆိုနိုင်သည်။ အထူးသဖြင့် အသား၊ ငါး၊ အာလူး စသည့်အကြော်များသည် ကျန်းမာရေးအတွက်မကောင်းဟု သိရသည်။ ဆီကြော်စာများသည် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားကြောင်း သိရသည်။ ❖**

ကျန်းမာရေးနှင့်ပတ်သက်၍ စားသုံးဆီများသည် ကောင်းကျိုးဆိုးကျိုးကို များစွာဖန်တီးနိုင်ကြောင်း တွေ့နေရသည်။

ဆီ သို့မဟုတ် အဆီဖြင့် အပူချိန်မြင့်မားစွာ အစားအစာကိုကြော်လှော်ရာ၌ ဆီအများအပြားတွင်နှစ်၍ ကြော်ခြင်းနှင့် ဆီခပ်ပါးပါးဖြင့် မြန်မြန်ကြော်ခြင်းဟုရှိသည်။ ဆီထဲတွင်နှစ်၍ အပူချိန်မြင့်မြင့်ဖြင့်ကြော်ခြင်းကို မြန်မာနိုင်ငံတွင် ပို၍ များများတွေ့ရသည်ဟု ထင်သည်။ ဆီအပူချိန် ၁၈၀ ဒီဂရီဆဲစီးရပ်ထက်ကျော်သော အကြော်ကြော်ခြင်းမှ အက်ခရိုလီမိုက်ဒ်ခေါ် အဆိပ်ဓာတ်တစ်မျိုးထွက်နိုင်ခြင်းကြောင့် ကြော်ထားသောအစားအစာမှာ နှလုံးရောဂါနှင့် ဆီးချိုဖြစ်နိုင်ခြေ ၃၇ ရာခိုင်နှုန်းထိ မြင့်မားစေသည်ဟု သိရသည်။ ကျန်းမာရေးနှင့် ညီညွတ်အောင် ကြော်လှော်စားသုံးမည်ဆိုပါက ဆီဆူမှတ် သို့မဟုတ် ဆီခိုးမှတ်မြင့်သော(ဆီဆူမှတ် ၂၅၀ ဒီဂရီဆဲစီးရပ်) ဖွဲနုဆီကဲ့သို့ ဆီမျိုးဖြင့် ကြော်သင့်သည်ဟု ဆိုသည်။ အကြော်စာများကို တစ်ပတ်လျှင် သုံးကြိမ်ထက် ပိုမစားသင့်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟင်းသီးဟင်းရွက်ဆီများကို အများဆုံးသုံးစွဲသည်ဟုဆိုနိုင်သော်လည်း လုပ်သားပြည်သူအများစုမှာ စားအုန်းဆီသုံးစွဲကြသည်ကို တွေ့နိုင်သည်။ စားအုန်းဆီသည် ပြည့်ဝဆီနှင့် မပြည့်ဝဆီမှာ တစ်ဝက်စီလောက်ပါဝင်နေသဖြင့် ကျန်းမာရေးအတွက်မကောင်းသော ပြည့်ဝဆီများပြားနေသည်ကို တွေ့နိုင်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) က တစ်နေ့လျှင် ပြည့်ဝဆီ ၂၀ ဂရမ်ခန့်ထက် ပိုမစားသင့်ဟု အကြံပြုထားကြောင်း သိရသည်။ သို့ရာတွင် စားအုန်းဆီသည် ဈေးသက်သာခြင်း၊ ကြော်ရာတွင် ဆီပူမှတ်၊ ဆီခိုးမှတ်မြင့်သဖြင့် ကြော်ချက်ရာတွင် သင့်တော်သဖြင့် အသုံးများသောဆီဖြစ်သည်။ ကမ္ဘာ့စားသုံးဆီများထုတ်လုပ်မှု၏ ၃၅ ရာခိုင်နှုန်းထိ အထောက်အပံ့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟင်းချက်နည်းမှာ အသားနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးဆီ၊ ရေ သို့မဟုတ် အရည်အနှစ်တို့ကို မီးအေးအေးနှင့် ကြာရှည်စွာချက်ပြုတ်ခြင်းဖြစ်ပြီး စတူးဟုခေါ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ် စစ်တမ်းအရ စားသုံးဆီသုံးစွဲမှုသည် လူတစ်ဦးလျှင် တစ်နှစ်ကို ကိုးပိဿာမှ ဆယ်ပိဿာထိရှိသည်ဟုသိရပြီး နှစ်ပေါင်း ၂၀ ခန့်အတွင်း ရာခိုင်နှုန်းတစ်ခုမြင့်တက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ဆီစားသုံးမှုမြင့်တက်လာခြင်း၊ အထူးသဖြင့် စားအုန်းဆီသုံးစွဲမှု မြင့်တက်လာခြင်းသည် ကျန်းမာရေးအတွက် ကောင်းကျိုးမဖြစ်နိုင်ဟု ဆိုနိုင်သည်။ အထူးသဖြင့် အသား၊ ငါး၊ အာလူး စသည့်အကြော်များသည် ကျန်းမာရေးအတွက်မကောင်းဟု သိရသည်။ ဆီကြော်စာများသည် နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားကြောင်း သိရသည်။ တစ်ပတ်လျှင် ဆီကြော်စာ လေးအောင်စ(၁၁၄ဂရမ်) သို့မဟုတ် ခုနစ်ကျပ်သားခန့်ထပ် ပိုစားပါက နှလုံးရောဂါဖြစ်နိုင်ခြေ ၃၇ ရာခိုင်နှုန်းထိ မြင့်တက်နိုင်သည်ဟုဆိုသည်။ ဆီကြော်စာများတွင် ပြည့်ဝဆီနှင့် အသွင်ပြောင်းဆီပါဝင်မှုမြင့်မားသဖြင့် မကောင်းသော ကိုလက်စထရော(LDL) တက်စေပြီး သွေးကြောကျဉ်းစေခြင်းဖြစ်သည်ဟုဆိုသည်။

ဆီကြော်စာများကို တစ်ပတ်လျှင် လေး၊ ငါး၊ ခြောက်ကြိမ်စားသုံးပါက အင်ဆူလင်မတိုးခြင်းဖြစ်စေပြီး ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်ကြောင်း သိရသည်။ ကယ်လိုရီများပြားပြီး အာဟာရဓာတ်နည်းပါးစေသဖြင့် အဝလွန်ခြင်းကိုလည်းဖြစ်စေနိုင်သည်ဟု ဆိုသည်။ ထို့ပြင် ဆီကို အပူချိန် ၁၈၀ ဒီဂရီဆဲစီးရပ်ထက်မြင့်အောင် အပူပေးခြင်း၊ ကြော်ခြင်းကြောင့် Acrylamide ကဲ့သို့ ဓာတ်ပစ္စည်းများထွက်လာကာ ကင်ဆာဖြစ်နိုင်ခြေမြင့်မားသည်ဟုဆိုသည်။

ဆီကြော်စာများသည် သွေးကြောပိတ်ဆို့မှု ပိုမိုဆိုးရွားစေခြင်းနှင့် အကြိမ်ကြိမ်ကြော်ပြီးသား ဆီများကို ပြန်လည်သုံးစွဲခြင်းဖြင့် အသွင်ပြောင်းဆီ ပမာဏတိုးစေပြီး နှလုံးကို ပိုမိုထိခိုက်စေသည်။ ထို့ကြောင့် ကြော်သည့်နည်းလမ်းအစား ပြုတ်ခြင်း၊ ပေါင်းခံခြင်းနှင့်လေဖိအားဖြင့်ကြော်ခြင်းကဲ့သို့ ဆီသုံးစွဲမှုနည်းသောနည်းလမ်းများက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည်ဟုဆိုသည်။ စားသုံးဆီအမျိုးမျိုးကို အပင်ထွက်သီးနှံနှင့်အစေ့အဆန်များနှင့် တိရစ္ဆာန်ထွက်အဆီများများဖြင့် အစားအသောက်များဖန်တီးထုတ်လုပ်သုံးစွဲကြသည်။ စားသောက်မှုအတွက်နှင့် စားသောက်ကုန်များကို စီးပွားဖြစ်ထုတ်လုပ်မှုအတွက် စားသုံးဆီများကို သုံးစွဲကြရသည်။ ထိုအခါတွင် ချက်ပြုတ်စားသောက်မှုပုံစံများအရ မိမိတို့ ကျန်းမာရေးအတွက် မည်သည့်ဆီက မိမိကျန်းမာရေး၊ မိသားစုကျန်းမာရေး အတွက်သင့်တော်သည်ကို ချင့်ချိန်စားသုံးတတ်ရန် လိုအပ်သည်။

ဆရာဒေါက်တာခင်မောင်လွင်(FAME) ၏ စားသုံးဆီနှင့်ကျန်းမာရေးစာအုပ်တွင် ဆီကို ဘယ်လိုစားသုံးကြမလဲဟူသောအခန်း၌ အဝလွန်သူများအတွက် သင့်တော်သောစားသုံးဆီများကို ကြည့်ရာ ဆရာက အဝလွန်ရောဂါရှိနေသူများအနေဖြင့် မည်သည့်ဆီအမျိုးအစားကိုမဆို လျှော့စားရန် လိုအပ်သည်။ ခန္ဓာကိုယ်အလေးချိန် များလေလေ ဆီလျှော့စားဖို့လိုအပ်လေလေဖြစ်သည်။ သာမန်အားဖြင့် တစ်နေ့လျှင် တစ်ကျပ်သား၊ တစ်လလျှင် ၃၀ ကျပ်သားထက် မပိုသင့်ပါ။ ဆီအမျိုးအစားကို ရွေးချယ်ရာတွင် တိရစ္ဆာန်မှရသောဆီများကို လုံးဝ ရှောင်ကြဉ်ရန်လိုအပ်သည်ဟုလည်းကောင်း၊ အသက်ကြီးရင့်သူများအတွက် သင့်တော်သောစားသုံးဆီများမှာ မိုနိုမပြည့်ဝဆီများပိုမိုစားသုံးသင့်ကြောင်း၊ အိုမီဂါ -၃၊၆၊၉ ပါဝင်သောဆီများကိုပိုမိုစားသုံးသင့်ကြောင်း၊ ဖွဲနုဆီ၊ သံလွင်ဆီ၊ ကာနိုလာဆီ၊ ကြယ်ပဲဆီနှင့် နှမ်းဆီတို့က ပိုမိုသင့်တော်ကြောင်းနှင့် အစားအစာများကြော်ရာတွင် အကြော်ခံသောဆီ တစ်နည်းအားဖြင့် ဆီခိုးမှတ်၊ ဆီပူမှတ်မြင့်မားသောဆီများကို ဦးစားပေး ရွေးချယ်သင့်ကြောင်းဆိုပါသည်။ ဆီအပူချိန်ပြင်းပြင်းဖြင့် ကြော်သည့်အစားအစာများအတွက် ဝက်ဆီ၊ ထောပတ်ဆီသန့်၊ အထူးသဘာဝသံလွင်ဆီ၊ အုန်းဆီ၊ မြေပဲဆီ၊ ဖွဲနုဆီ၊ ထောပတ်သီးဆီနှင့် စားအုန်းဆီ တို့ဖြစ်သည်ဟု ဆိုသည်။

**ဆီခိုးမှတ်၊ ဆီဆူမှတ်**

ဆီတွင် ဓာတ်အမျိုးမျိုးရှိပြီး ဆီဖြင့် ချက်ပြုတ်ကြော်လှော်ကြရာတွင် ဆီ၏ဓာတ်သည် ပြောင်းလဲတတ်ကြသဖြင့် ဆီခိုးမှတ်၊ ဆီဆူမှတ်ကို သိရှိထားသင့်သည်။ ဆီခိုးမှတ်၊ ဆီဆူမှတ်ဆိုသည်မှာ ဆီကို အဆက်မပြတ်အပူပေးထားပါက ဆူပွက်လာပြီး နောက်တွင် ဆီမှအငွေ့များထွက်လာသည်။ ထိုသို့ ဆီအငွေ့များထွက်လာသည့်အချိန်ရှိ ဆီ၏အပူချိန်ကို မှတ်၊ ဆီဆူမှတ်ဟုခေါ်သည်။ အဆိုပါဆီခိုးထွက်ချိန်သည် ဆီများလောင်ကျွမ်းပျက်စီးခြင်းကြောင့်ထွက်လာခြင်းဖြစ်၍ ဓာတုပြောင်းလဲမှုများ ဆီအတွင်းထွက်ရှိလာသဖြင့် အဆိပ်သင့်အငွေ့များ စသည်တို့နှင့် အဆီအစွန့်အခဲများ ထွက်ရှိလာသည်။ ထို့ကြောင့် အရသာကိုထိခိုက်သည့်အပြင် ကျန်းမာရေးကိုလည်း ထိခိုက်သည်။

ဆီခိုးထွက်ခြင်းကြောင့်ထွက်လာသော အက်ခရိုလိမ်းဓာတ်ငွေ့သည် မျက်စိနှင့် အသက်ရှူလမ်းကြောင်းကို ယားယံစေပြီး ကင်ဆာဖြစ်စေတတ်သည်။ ဆီဓာတ်ပျက်စီးခြင်း Oxidation ကြောင့် နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ကို ဖြစ်စေသည်ဟုဆိုသည်။ ဆီခိုးထွက်သည့်နောက်တွင် ဆီနှင့်ကြော်ထားသော အစားအစာသည်လည်း ခါးသက်သောအရသာစွဲကပ်သွားတတ်သည်။ သို့ဖြစ်၍ ဆီဖြင့်ကြော်ရာတွင် ဆီခိုးထွက်အမှတ်မြင့်သောစားသုံးဆီများကို သုံးစွဲသင့်သည်။ ဖွဲနုဆီသည် ဆီခိုးထွက်အမှတ် ၂၅၀ ဒီဂရီဆဲစီးရပ်ခန့်ရှိသဖြင့် အာလူးကြော်၊ ကြက်ကြော် စသည်တို့အတွက် သင့်တော်သည်။ အလားတူပင် ဆီခိုးထွက်အမှတ်မြင့်သော ပြောင်းဖူးဆီ ၂၃၀ ဒီဂရီဆဲစီးရပ်ခန့်၊ စားအုန်းဆီ ၂၂၀ ဒီဂရီဆဲစီးရပ်ခန့်၊ နေကြာဆီ ၂၂၅ ဒီဂရီဆဲစီးရပ်ခန့်၊ ပဲပုပ်ဆီ ၂၃၀ ဒီဂရီဆဲစီးရပ်ခန့်တို့သည် ဆီဖြင့်ကြော်စားရာတွင် အသုံးပြုရန်သင့်တော်သည်ဟု ဆိုသည်။ ဆီခိုးမထွက်စေရန်အတွက် ကြော်ရာတွင် ဆီအမျိုးအစားကို ဆီခိုးထွက်အမှတ်မြင့်သော ဆီများကို ရွေးချယ်ရမည်ဖြစ်သည်။

ဆီဖြင့်ကြော်ရာတွင် ဆီခိုးထွက်အမှတ်အောက် ၇၅ ရာခိုင်နှုန်းခန့်သာ သုံးစွဲသင့်သည်ဟု ဆိုသည်။ ဥပမာ ဖွဲနုဆီ၏ ဆီခိုးထွက်အမှတ်မှာ ၂၅၀ ဒီဂရီဆဲစီးရပ်ခန့်ဖြစ်သော်လည်း ကြော်ရာတွင် ဆီအပူချိန် ၁၈၀ ဒီဂရီဆဲစီးရပ်ခန့်သာ ထားသင့်သည်။ ထို့ပြင် ကြော်ပြီးမည်းညစ်လာသောဆီများကို ပြန်မသုံးသင့်ပါ။ ဆီအပူချိန်ကိုသိရှိရန် အိမ်သုံးဆီအပူချိန်တိုင်းသတ္တုတံ(Deep Fry Thermometer)ကို သုံး၍သိရှိနိုင်သည်။ ဆီခိုးထွက်ခြင်းမှာ ဆီအတွင်းပါသော ဖက်တီးအက်စစ်များပျက်စီးသဖြင့် ထွက်လာခြင်းဖြစ်ပြီး ဆီတွင်ပါဝင်သော ရေနှင့်ပရိုတင်းများကလည်း အပူကြောင့် အခိုးထွက်စေတတ်သည်။ ထို့ပြင် ဆီသည် သန့်စင်မှုနည်းပြီး အနည်အမှုန်၊ အမှိုက်များပါဝင်ပါက ဆီအခိုးထွက်မှုပိုမိုများနိုင်သည်။

**စားသုံးဆီနှင့် မြန်မာနိုင်ငံ**

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအများအပြား ထွက်ရှိသော်လည်း ပြည်တွင်းတွင် အဓိက ကြိတ်ခွဲသော ဆီထွက်သီးနှံမှာ မြေပဲဆန်သာဖြစ်ပါသည်။ မြေပဲသီးနှံထုတ်လုပ်မှုမှာ မလုံလောက်သဖြင့် ပြည်ပမှ စားအုန်းဆီများကို တင်သွင်းနေခြင်းဖြစ်သည်။ ပြည်တွင်းတွင် မြေပဲဆီကို လုံလောက်အောင် ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းလိုအပ်ချက် လျော့ကျလာမည်ဖြစ်သည်။ အခြားသော စားသုံးဆီများလည်း ပိုမိုထုတ်လုပ်သင့်သည်။ ကျန်းမာရေးနှင့် များစွာညီညွတ်သော ဖွဲနုဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီများလည်း ပိုမိုထုတ်လုပ်ရန် ကြိုးစားလုပ်ကိုင်နေကြသည်ကို တွေ့နေရသည်။ ထို့ကြောင့် မကြာမီနှစ်များတွင် ပြည်တွင်းမှ ဆီဖူလုံအောင် ထုတ်လုပ်လာနိုင်သည်ဟု ယူဆရသည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက အားပေးလျက်ရှိသော်လည်း ပြည်တွင်းဆီမှာ ဖူလုံရန် လိုအပ်လျက်ပင်ရှိသည်။

စားအုန်းဆီကို ပြည်တွင်းတွင် မိသားစုများ ချက်ပြုတ်စားသောက်ရန်အတွက် သုံးစွဲကြသကဲ့သို့ လမ်းဘေးဆိုင်များ၊ အကြော်ဆိုင်များ၊ စားသောက်ဆိုင်များနှင့် စက်မှုလုပ်ငန်းဖြင့် စီးပွားဖြစ်ထုတ်လုပ်သော အစားအသောက်လုပ်ငန်းများတွင် စားအုန်းဆီကို မရှိမဖြစ်သုံးစွဲရသည်။ ထို့ကြောင့် စားသောက်ကုန်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စားအုန်းဆီလိုအပ်ချက်သည်လည်း လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း မိသားစုများအနေဖြင့် ပြည်တွင်းထုတ်ဆီများဖြင့် ချက်ပြုတ်စားသောက်သင့်သောအခြေအနေတိုးပွားနေခြင်း၊ မိသားစုကျန်းမာရေးအတွက် ဆီစားသုံးမှုကို လျှော့ချသင့်ခြင်း၊ ပြည်ပမှတင်သွင်းရသဖြင့် နိုင်ငံခြားငွေသုံးစွဲရမှုရှိခြင်းတို့ကြောင့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချသင့်သောအခြေအနေဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းဆီလိုအပ်ချက်ကို ပြည်တွင်းတွင်ထုတ်လုပ်သောဆီများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် အထက်ဖော်ပြပါ ဆီရွေးချယ်ပြီး လျှော့ချသုံးစွဲရမည့်အကြောင်းများ၊ ကျန်းမာရေးထိန်းသိမ်းရန် အကြောင်းများကို ထောက်ထားပြီး ဆီထုတ်လုပ်မှုတင်သွင်းမှုချိန်ခွင်လျှာကို ထိန်းသိမ်းသွားရန်လိုအပ်သည်။ စက်မှုလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းများအတွက်သာ တင်သွင်းမှုကိုထိန်းသိမ်း၍ မိသားစုများသုံးစွဲခြင်းအတွက် ပြည်တွင်းဆီများကို ပိုမိုထုတ်လုပ်ပေးခြင်းဖြင့် ဆီဖူလုံနိုင်စေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- အင်တာနက် အကိုးအကားများ။
- AI ဖြေကြားချက်များ။
- ဆရာ ဒေါက်တာခင်မောင်လွင်(Fame) ၏ စားသုံးဆီနှင့် ကျန်းမာရေးစာအုပ်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၇၉၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၇၉၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး လျာထား ၁၄၃၉၇၁ ဧကကို ယခုနှစ် မေလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၃၇၉၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''တစ်မြို့နယ်လုံးအနေနဲ့ စပါးဧက ၁၄၃၀၀၀ ကျော် ထိစိုက်ပျိုးပါမယ်။ စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ မြေဆီလွှာပြုပြင်တဲ့လုပ်ငန်းတွေကို ကွင်းဆင်းသရုပ်ပြခြင်း၊ ရွှေခရုကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးခြင်း၊ ဓာတ်မြေဩဇာအသုံးပြုနည်းစနစ်များ မှန်ကန်စေရန်ဆောင်ရွက်ပေးခြင်း စတဲ့နည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ပေးနေပါတယ်။ အခုနှစ် စပါးစိုက်ပျိုးရာသီမှာ အရည်အသွေးနဲ့ဈေးကွက်ဝင် စပါးအမျိုးအစားတွေကို အဓိက စိုက်ပျိုးဖို့ရှိပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## သနပ်ပင်မြို့နယ် ကျိုက်မဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မဲကျေးရွာအုပ်စု ကျိုက်မဲကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာအသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျိုက်မဲကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျိုက်မဲကျေးရွာတွင် သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးကို ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

## တန်ဖိုးရှိစေ တို့စာပေ

\- တို့စာပေ တို့လေးစား
တန်ဖိုးထား ထိန်းသိမ်းပါ၊
စာပေသည် နိုင်ငံ့အတွက်
ဂုဏ်တက်စေမှာ၊
စာပေအကျိုး သယ်ပိုးကာ
ကိုယ်ကျိုးငှာ မတွက်ဘဲ၊
ရည်မှန်းရာ ပန်းတိုင်အရောက်
လှမ်းလျှောက်ရဲရဲ။

\- တို့စာပေ မချို့စဉ်မြဲ
တို့ရင်ထဲ ကိန်းအောင်စေ၊
စာပေမြင့်လျှင် လူမျိုးမြင့်
ဂုဏ်တင့်နိုင်ပေ၊
စာပေဖတ်မှ အောင်ပန်းဝေ
အမှောင်လမ်းတွေ ကွယ်ကာပျောက်၊
စာပေသည်သာ အမြတ်တရားလို့
တင်စားမှတ်ကျောက်။

\- တို့စာပေ တန်ခိုးတောက်ဖို့
ထိုးဖောက်စို့ ကမ္ဘာ့အလယ်၊
တို့တစ်တွေ အစဉ်နိုးကြား
ကြိုးစားကြမယ်၊
စာပေစနစ် စည်းကမ်းကြွယ်
ခရီးလမ်းရယ် ဖြောင့်စေသား၊
တို့စာပေကို အစဉ်သာချစ်
ထုဆစ်လှုပ်ရှား။ ။

ရဲသွေးနီ(တက်ဝန်)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ



**မော်စကို ဇူလိုင် ၁၂**

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် ယနေ့တွင် မြောက်ကိုရီးယားနိုင်ငံ ဝန်ဆန်ဆိပ်ကမ်းမြို့၌ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟူးလ်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားနိုင်ငံ၏ ယူကရိန်းစစ်ဆင်ရေးများကို ဆက်လက်ထောက်ခံအားပေးမည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟူးလ်က ထပ်လောင်းအတည်ပြုခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂေးလက်ဗရော့ဗ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေး တက်ရောက်ခဲ့ပြီးနောက် ဇွန် ၁၁ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့သည်။

ဝန်ဆန်မြို့ဆွေးနွေးပွဲတွင် မိမိနှင့်မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးတို့အနေဖြင့် ယူကရိန်းပဋိပက္ခအခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ရုရှားမီဒီယာများကို ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်အတွင်း မဟာဗျူဟာမြောက် ဘက်စုံမိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်ရယူထားသောနိုင်ငံများဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ရုရှားအနောက်ပိုင်း ခါ့ချ်နယ်မြေ၌ ယူကရိန်းတပ်များနှင့် ရုရှားတပ်များကြား ပဋိပက္ခဖြစ်ပွားနေစဉ် တပ်ဖွဲ့ဝင်၁၀၀၀၀ကျော်ထိ စေလွှတ်၍ ရုရှားနိုင်ငံကို အကူအညီပေးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဇွန် ၁ ရက်နှင့် ဇူလိုင် ၂ ရက်ကြားကာလအတွင်း ပြင်သစ်၌ ရေနစ်သေဆုံးမှု ၁၀၀ကျော်ဖြစ်ပွား

**ပဲရစ် ဇူလိုင် ၁၂**

ယခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၂ ရက်ကြားကာလအတွင်း ပြင်သစ်နိုင်ငံတစ်ဝန်း၌ ရေနစ်သေဆုံးမှုပေါင်း ၁၀၀ကျော်ထိ ဖြစ်ပွားခဲ့ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပြင်သစ်နိုင်ငံတစ်ဝန်း၌ ဇွန်လနှင့်ဇူလိုင်လအတွင်း အပူလှိုင်းများကျရောက်မှုကြောင့် နေ့အပူချိန်များမြင့်တက်နေချိန်တွင် နိုင်ငံတစ်ဝန်း ရေနစ်သေဆုံးမှုနှုန်းလည်းမြင့်တက်လာခြင်းဖြစ်သည်။

ယခုနှစ် ဇွန် ၁ ရက်မှ ဇူလိုင် ၂ ရက်ထိ ပြင်သစ်နိုင်ငံတစ်ဝန်း၌ ရေနစ်သေဆုံးမှုပေါင်း ၁၀၀ကျော်ဖြစ်ပွားခဲ့ရာ ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၅၈ ရာခိုင်နှုန်း မြင့်တက်လာသည့်သဘောဖြစ်ကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အလားတူ ဇွန် ၁ ရက်မှ ဇူလိုင် ၂ ရက်ကြားကာလအတွင်း ပြင်သစ်နိုင်ငံတစ်ဝန်း၌ ရေနစ်မှုပေါင်း ၄၂၉မှုထိဖြစ်ပွားခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၉၅ ရာခိုင်နှုန်းပိုမိုမြင့်မားလာခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇွန်လဒုတိယလဝက်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် နေ့အပူချိန်များမြင့်တက်လာချိန်တွင် ပြင်သစ်နိုင်ငံတစ်ဝန်း ရေနစ်သေဆုံးမှုနှင့် ရေနစ်မှုနှုန်းတို့ မြင့်တက်လာခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ အပါအဝင် ဥရောပတစ်ဝန်းနိုင်ငံများ ရင်ဆိုင်ခဲ့ရသည့် ၁၀ ရက်ကြာ အပူလှိုင်းကျရောက်မှုဖြစ်စဉ်သည် ယနေ့တွင် အဆုံးသတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ရေဘေးနှင့်ရင်ဆိုင်ခဲ့ရသည့် တက္ကဆက်ပြည်နယ်အလယ်ပိုင်းသို့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့် သွားရောက်စစ်ဆေး



**ဝါရှင်တန် ဇူလိုင် ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇူလိုင် ၁၁ ရက်တွင် ရေဘေးနှင့် ရင်ဆိုင်ခဲ့ရသည့် တက္ကဆက်ပြည်နယ် အလယ်ပိုင်းဒေသများသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တက္ကဆက်ပြည်နယ် အလယ်ပိုင်းခရီးစဉ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရေဘေးနှင့်ပတ်သက်၍ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ကိုင်တွယ်တုံ့ပြန်ခဲ့ပုံကို ပြောကြားခဲ့ကြောင်း သိရသည်။

ရေဘေးသင့်ကားရ်ကောင်တီဒေသ၌ နယ်ခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် သမ္မတဒေါ်နယ်ထရမ့်က တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်အက်ဘော့နှင့် အမိမြေလုံခြုံရေးဝန်ကြီးခရစ္စတီနိုအမ်တို့၏ ရေဘေးကိုင်တွယ်တုံ့ပြန်ပုံကို ချီးကျူးခဲ့သည်။

တက္ကဆက်ပြည်နယ် ရေဘေးတွင် ဖက်ဒရယ်အစိုးရနှင့်ပြည်နယ်တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများကို ကြိုတင်သတိပေးရန်နှင့် အကာအကွယ်ပေးရန် လုံလုံလောက်လောက် လုပ်ဆောင်မှုမရှိခဲ့ကြောင်း ဝေဖန်မှုများပေါ်ထွက်လျက်ရှိသည်။

ယင်းအပြင် ဖက်ဒရယ်အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေးအေဂျင်စီ အသုံးစရိတ်များကို အမေရိကန်အစိုးရက လျှော့ချထားမှုကြောင့် တက္ကဆက်ရေဘေး ပြင်းထန်ဆိုးရွားခဲ့ရကြောင်းလည်း လေ့လာသူအချို့က ဝေဖန်ထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဖြစ်ပွားခဲ့သော တက္ကဆက်ပြည်နယ် ရေဘေးများအတွင်း အနည်းဆုံး လူပေါင်း ၁၂၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကုန်သွယ်ရေးစာချုပ်သစ်ကို ခေါင်းဆောင်များထံတင်ပြရန် တရုတ်နှင့်အာဆီယံနိုင်ငံများသဘောတူ



**ကွာလာလမ်ပူ ဇူလိုင် ၁၂**

အဆင့်မြှင့်တင် ပြင်ဆင်ထားသည့် ကုန်သွယ်ရေးလွတ်လပ်မှုသဘောတူညီချက် တစ်ရပ်ကို သက်ဆိုင်ရာအစိုးရခေါင်းဆောင်များထံတင်သွင်း၍ တရုတ်နှင့် အာဆီယံနိုင်ငံများက သဘောတူထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆင့် မြှင့်တင်ထားသော ကုန်သွယ်ရေးလွတ်လပ်မှုသဘောတူစာချုပ်သစ်ကို သက်ဆိုင်ရာနိုင်ငံခေါင်းဆောင်များထံ တင်ပြရန် တရုတ်နှင့်အာဆီယံတို့ကြား သဘောတူထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါကုန်သွယ်ရေးလွတ်လပ်မှုသဘောတူစာချုပ်သစ်အတွက် တရုတ်နှင့် အာဆီယံတို့သည် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ဆွေးနွေးခဲ့ပြီး ယခုနှစ်မေလတွင် စာချုပ်ကို အပြီးသတ်ရေးသားနိုင်ခဲ့သည်။

ယင်း သဘောတူစာချုပ်သစ်အား သက်ဆိုင်ရာခေါင်းဆောင်များထံ တင်ပြရန် တရုတ်နှင့်အာဆီယံတို့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၁၁ ရက်တွင် ကျင်းပခဲ့သောဆွေးနွေးပွဲ၌ သဘောတူခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်သွယ်ရေးသဘောတူညီချက်တွင် ဒစ်ဂျစ်တယ်စီးပွားရေး၊ ကုန်စည်စီးဆင်းမှုကွင်းဆက်များချိတ်ဆက်နိုင်ရေး စသည့်နယ်ပယ်များလည်း အကျုံးဝင်ကြောင်း သိရသည်။

တရုတ်နှင့် အာဆီယံတို့သည် လာမည့်နှစ်များအတွင်း နယ်ပယ်ပေါင်း ၄၀ တို့၌ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သဘောတူခဲ့ကြသည်။

Ref : Xinhua
Trs : KKO

## ဂါဇာကမ်းမြောင်ဒေသ ရိက္ခာဝေငှရေးစခန်းများ၌ ရက်သတ္တခြောက်ပတ်အတွင်း ပါလက်စတိုင်းလူမျိုး ၈၀၀နီးပါးသေဆုံးခဲ့

**နယူးယောက် ဇူလိုင် ၁၂**

ယခုနှစ်မေလကုန်ပိုင်းမှစ၍ ဂါဇာကမ်းမြောင်ဒေသ၌ စားနပ်ရိက္ခာအကူအညီများ ရယူရေးအတွက် ကြိုးပမ်းရင်း အသက်ဆုံးရှုံးခဲ့ရသူ ပါလက်စတိုင်းလူမျိုး ၈၀၀နီးပါးထိ ရှိခဲ့ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် မေ ၂၆ ရက်မှစ၍ ရက်သတ္တခြောက်ပတ်တာကာလအတွင်း ဂါဇာကမ်းမြောင်ဒေသ ရိက္ခာဝေငှရေးဌာနများ၌ ရိက္ခာရယူရန်ကြိုးပမ်းရင်း သေဆုံးခဲ့ရသူအရေအတွက်မှာ အနည်းဆုံး ၇၉၈ ဦးထိ သေဆုံးခဲ့ရကြောင်း ကုလသမဂ္ဂသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

၎င်းပါလက်စတိုင်းလူမျိုးများအနက် ၆၁၅ ဦးတို့မှာ အမေရိကန်နိုင်ငံနှင့် အစ္စရေးတို့ ကျောထောက်နောက်ခံဖြင့် ဖွင့်လှစ်ထားသည့် ဂါဇာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာဖောင်ဒေးရှင်းများ၏ ရိက္ခာဝေငှရေး စခန်းများအနီး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ကျန် ၁၈၃ ဦးတို့မှာ အခြားအဖွဲ့အစည်းများက စေလွှတ်ခဲ့သည့်ရိက္ခာတင်ယာဉ်တန်းများ၏ လမ်းကြောင်းများပေါ်၌ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဂါဇာလူသားချင်းစာနာထောက်ထားမှုဖောင်ဒေးရှင်း ရိက္ခာဝေငှရေးဌာနများသည် ရက်သတ္တ ၁၁ ပတ်ကြာ ရိက္ခာအဝင်ပိတ်ဆို့မှုကို အစ္စရေးက ရုပ်သိမ်းခဲ့ပြီးနောက် ဂါဇာဒေသ၌ ဖွင့်လှစ်ထားသော ရိက္ခာဝေငှရေး ဌာနများဖြစ်ကြသည်။

ကုလသမဂ္ဂ၏ ဇူလိုင် ၁၁ ရက် သတင်းထုတ်ပြန်ချက်ပါ အချက်အလက်များကို ဂါဇာဖောင်ဒေးရှင်းတာဝန်ရှိသူများက ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## နန်စီဂရေ့ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၌ နေစွမ်းအင်ပြားများကို နာဆာကတပ်ဆင်ပေးခဲ့



**နယူးယောက် ဇူလိုင် ၁၂**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကျွမ်းကျင်သူများသည် နန်စီဂရေ့ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်၌ စွမ်းအင်စနစ်အတွက် နေစွမ်းအင်ပြားများ တပ်ဆင်ပေးခဲ့ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

နေစွမ်းအင်ပြားများ တပ်ဆင်ခဲ့ပြီးနောက် နန်စီဂရေ့ရိုမန် အာကာသရေဒီယိုတယ်လီစကုပ် တည်ဆောက်ရေးလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နာဆာအဖွဲ့အနေဖြင့် နန်စီဂရေ့ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို အပြီးသတ်တည်ဆောက်ရေးအတွက် အဆင့်နှစ်ဆင့်သာလိုကြောင်း သိရသည်။

နာဆာအဖွဲ့သည် နန်စီဂရေ့ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၇ ခုနှစ် မေလအတွင်း လွှတ်တင်ရန် စီစဉ်ထားသည်။

နာဆာကျွမ်းကျင်သူများသည် နန်စီဂရေ့ရိုမန်အာကာသရေဒီယိုတယ်လီစကုပ်၌ နေစွမ်းအင်ပြားများတပ်ဆင်ပြီးနောက် နေစွမ်းအင်ပြားဖြန့်ကြက်မှုစနစ်ကို စမ်းသပ်ရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လက်ရှိ တည်ဆောက်ပြီးစီးမှု အခြေအနေအရ နန်စီဂရေ့ရိုမန် အာကာသရေဒီယိုတယ်လီစကုပ်ကို စီစဉ်ထားသည့်အတိုင်း ၂၀၂၇ ခုနှစ် မေလအတွင်း လွှတ်တင်နိုင်ရန် အလားအလာကောင်းကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## ကြယ်တာရာဟင်းလင်းပြင်ဖြတ် 31/Atlas ကြယ်တံခွန်၏သက်တမ်းက ရှာဖွေတွေ့ရှိသမျှကြယ်တံခွန်များအနက် သက်တမ်းရှေးအကျဆုံးဖြစ်

**လန်ဒန် ဇူလိုင် ၁၂**

လွန်ခဲ့သည့် သီတင်းပတ်က နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသော ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်ဖြစ်သည့် 31/Allas ကြယ်တံခွန်သည် ရှာဖွေတွေ့ရှိဖူးသမျှ ကြယ်တံခွန်များအနက် သက်တမ်းရှေးအကျဆုံးဖြစ်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

31/Allas ကြယ်တံခွန်၏ သက်တမ်းသည် နေအဖွဲ့အစည်း၏ သက်တမ်းထက် နှစ်ပေါင်း သုံးဘီလီယံကျော်ထိ ပို၍ရှေးကျနိုင်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

နေအဖွဲ့အစည်းနှင့်အတူ ပေါ်ထွက်လာသည့် ဟေလီကြယ်တံခွန်အားလုံးမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံထိသာရှိကြောင်း သိရသည်။



သို့ရာတွင် ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်ဖြစ်သည့် 31/Atlas ကြယ်တံခွန်၏ သက်တမ်းမှာ နှစ်ပေါင်း ခုနစ်ဘီလီယံကျော်ထိရှိပြီဖြစ်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဗြိတိန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ 31/Atlus ကြယ်တံခွန်သည် ရှေးဟောင်းကြယ်ကြီးများတည်ရှိရာ နဂါးငွေ့တန်းကြယ်စုနယ်မြေ တစ်ခု လွတ်ထွက်လာခြင်းဖြစ်နိုင်သည်။

ဇူလိုင် ၁ ရက်တွင် ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သော 31/Atlus ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ် ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နာဆာ၏ Parker နေလေ့လာရေးအာသယာဉ်က လျှပ်စစ်ဓာတ်ဆောင်အဏုမြူရုပ်မှုန်စီးကြောင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**နယူးယောက် ဇူလိုင် ၁၂**

အမေရိကန်အစိုးရအမျိုးသား အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Parker နေလေ့လာရေးအာကာသယာဉ်သည် ပြီးခဲ့သည့်နှစ်အတွင်း နေကိုအနီးကပ် ဖြတ်သန်းစဉ် အနီးဆုံးအကွာအဝေးမှတစ်ဆင့် လျှပ်စစ်ဓာတ်ဆောင်အဏုမြူရုပ်မှုန်စီးကြောင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

Parker နေလေ့လာရေး အာကာသယာဉ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နေကို နေမျက်နှာပြင်နှင့် မိုင်ပေါင်း ၃ ဒသမ ၈ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့သည်။

ထိုသို့ အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် Parker နေလေ့လာရေးအာကာသယာဉ်သည် နေမှအဆက်မပြတ်စီးထွက်နေသော လျှပ်စစ်ဓာတ်ဆောင်ရုပ်မှုန်စီးကြောင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ လျှပ်စစ်ဓာတ်ဆောင်ရုပ်မှုန်စီးကြောင်းသည် တစ်နာရီလျှင် မိုင်ပေါင်း တစ်သန်းအမြန်နှုန်းဖြင့် အဆက်မပြတ်စီးထွက်နေကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်ဆောင်အဏုမြူရုပ်မှုန်စီးကြောင်းကို လေ့လာခြင်းဖြင့် နေ၏သဘာဝကို ပိုမိုနားလည်လာနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း၊ နာဆာအဖွဲ့သည် Parker နေလေ့လာရေးအာကာသယာဉ်ကို ၂၀၁၈ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## HPgv ဗိုင်းရပ်တစ်မျိုးကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်တက်နိုင်

**နယူးယောက် ဇူလိုင် ၁၂**

လူသားများအတွက် ဘေးအန္တရာယ်မရှိသော ဗိုင်းရပ်အဖြစ် ယခင်ကမှတ်ထင်ထားသော HPgv ဗိုင်းရပ်တစ်မျိုးကြောင့် ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Human Pegivirus(HPgv) ခေါ် အဆိုပါဗိုင်းရပ်ကို ပါကင်ဆန်ရောဂါခံစားနေရသော လူနာများ၏ ဦးနှောက်တစ်ရှူးနမူနာ ထက်ဝက်ကျော်၌ စစ်ဆေးတွေ့ရှိရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကျန်းမာရေးကောင်းမွန်သူများထံမှ ရယူထားသော ဦးနှောက်တစ်ရှူး နမူနာများထဲတွင်မူ HPgv ဗိုင်းရပ်မရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါ လေ့လာတွေ့ရှိချက်အရ HPgv ဗိုင်းရပ်သည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့် တစ်စုံတစ်ရာဆက်စပ်မှုရှိနေနိုင်ကြောင်း၊ ယခင်က လူသားများအတွက် ပြဿနာမရှိသည့် ဗိုင်းရပ်အဖြစ် ယူဆထားကြသော HPgv ဗိုင်းရပ်များကို ပါကင်ဆန်လူနာများ၏ ဦးနှောက်အတွင်း၌ရှိနေကြသည်မှာ အံ့အားသင့်ဖွယ်ကိစ္စဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပါကင်ဆန်ရောဂါသည် Uop-amine ခေါ် ဟော်မုန်းတစ်မျိုးကို ထုတ်ပေးသည့် ဦးနှောက်ဆဲလ်များ ပျက်စီးသွားချိန်တွင် ဖြစ်ပွားတတ်သည့်ရောဂါဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ခါးနာရောဂါအတွက်အသုံးပြုသည့် ဆေးတစ်မျိုးကြောင့် Dementia ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**နယူးယောက် ဇူလိုင် ၁၂**

ခါးနာရောဂါ နာကျင်ကိုက်ခဲမှုများအတွက် အသုံးပြုသည့် ဆေးဝါးတစ်မျိုးကြောင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက် မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Gabapentinum Neuron-tin ဆေးသုံးစွဲသူများ၌ Dementia ဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ganapentinum ဆေးသည် နာ့ဆဲလ်များ နာကျင်ကိုက်ခဲမှုနှင့် ဝက်ရူးပြန်ရောဂါတို့ကို ကုသရေးအတွက် ၁၉၉၀ ပြည့်နှစ် ကာလများအတွင်း သုံးစွဲခွင့်စတင်ရရှိခဲ့သော ဆေးဖြစ်သည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Gabapentinum ဆေးသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်နိုင်ငံအခြေစိုက် Pfizer ကုမ္ပဏီက ထုတ်လုပ်သည့် Gabapentinum ဆေးသည် ပုံမှန်အားဖြင့် တစ်ရက်လျှင် သုံးကြိမ် သောက်ရန်လိုအပ်သည့် သောက်ဆေးတစ်မျိုးဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၇၀၀၀၀၀ ကျော်တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO






## အယ်ကွာစီယာ့အသင်းက တိုက်စစ်မှူး ရီတီဂွီကို ယူရို ၆၈ သန်းဖြင့်ခေါ်ယူ

ရောမ ဇူလိုင် ၁၂

စီးရီးအေပြိုင်ပွဲတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည့် အတ္တလန်တာ တိုက်စစ်မှူး ရီတီဂွီကို ဆော်ဒီကလပ် အယ်ကွာစီယာ့အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေး ယူရို ၆၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

အယ်ကွာစီယာ့ အသင်းသည် ရီတီဂွီကိုခေါ်ယူရန် နောက်ဆုံးအဆင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် အတ္တလန်တာအသင်းကို ပြောင်းရွှေ့ကြေး ယူရို ၆၈ သန်းထိ ပေးချေခဲ့ရပြီး ကစားသမားအနေဖြင့် လေးနှစ်စာချုပ်အတွက် ယူရို ၁၆ သန်း ရရှိမည်ဖြစ်သည့်အပြင် ခြေစွမ်းပြသနိုင်ပါက နှစ်စဉ်အပိုဆုကြေး ယူရိုလေးသန်း ပါဝင်ခဲ့သောကြောင့် စုစုပေါင်း ယူရို သန်း ၈၀ နီးပါးထိ အသုံးပြုခဲ့ရသည်။

တိုက်စစ်မှူး ရီတီဂွီသည် ပြီးခဲ့သည့်ဘောလုံးရာသီက စီးရီးအေပြိုင်ပွဲတွင် သွင်းဂိုး ၂၈ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ဂိုးသွင်းအများဆုံး ကစားသမားဖြစ်ခဲ့ပြီး အတ္တလန်တာအသင်းက လုပ်ခလစာအနည်းငယ်သာ ပေးချေရသည့် ကစားသမားကိုရောင်းချရန် ဆန္ဒမရှိသော်လည်း အယ်ကွာစီယာ့အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာချိန်တွင် ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရီတီဂွီသည် စီးရီးအေကစားသမားများထဲတွင် ကာတာကလပ်သို့ ပြောင်းရွှေ့သွားသည့် ဗာရက်တီက တစ်နှစ်လုပ်ခ ယူရိုသန်း ၃၀ ရရှိနေသည့်အတွက် ဒုတိယမြောက် လုပ်ခလစာအများဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အတ္တလန်တာအသင်းသည် ရာသီအကြိုခြေစမ်းပွဲစဉ်မတိုင်မီ တိုက်စစ်ပိုင်းပြန်လည်ဖြည့်တင်းရန်အတွက် တိုက်စစ်မှူး စကာမက်ကာ၊ တိုရေး၊ ဒီကီတယ်လာရီတို့ကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML




### အားကစားသတင်းအတိုအထွာများ

- ❑ ဖီနာဘာချီအသင်းက စပါးအသင်းမှ ကွင်းလယ်ခံစစ်ကစားသမား ဘတ်ဆူးမားကိုခေါ်ယူရန် လန်ဒန်သို့တာဝန်ရှိသူများစေလွှတ်ကာ ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- ❑ မန်ယူအသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမား ချူအာမန်နီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၈ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ငြင်းပယ်ခဲ့သည်။
- ❑ ဂိုးသမားအိုနာနာသည် လာမည့်ရာသီသစ်အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ခဲ့ရာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် ရက်သတ္တ ခြောက်ပတ်မှ ရှစ်ပတ်ထိ အနားယူရမည်ဖြစ်ပြီး ရာသီအစပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- ❑ အေစီမီလန်အသင်းက တိုက်စစ်မှူး ဂျက်ဆန်ကိုခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့သဖြင့် ချဲလ်ဆီးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၀၀ ရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သောကြောင့် တိုက်စစ်မှူးဟာဗက်နောက်ပိုင်း ဒုတိယမြောက် ပြောင်းရွှေ့ကြေးအများဆုံးဖြင့် ရောင်းချမည့် ကစားသမားဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

ML

## အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်တွင် ကေတီတေလာက ဆာရန်နိုကိုအနိုင်ရရှိ



နယူးယောက် ဇူလိုင် ၁၂

အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် စိန်ခေါ်သူ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုတို့ ဇူလိုင် ၁၁ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ထိုးသတ်ခဲ့ရာ ကေတီတေလာက ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာနှင့် ဆာရန်နိုတို့အကြား တတိယမြောက်တွေ့ဆုံမှုဖြစ်ပြီး ပထမနှစ်ကြိမ်တွင် ရလဒ်မပြတ်သားခဲ့သည့်အတွက် ကေတီတေလာက ဆာရန်နို၏ တတိယမြောက် စိန်ခေါ်မှုအား လက်ခံခဲ့ခြင်းလည်းဖြစ်သည်။

ဆာရန်နိုအနေဖြင့် အကောင်းဆုံး ပြင်ဆင်လာခဲ့သော်လည်း ကေတီတေလာ အနေဖြင့် အကောင်းဆုံး စွမ်းဆောင်ပြနိုင်ခဲ့ပြီး သုံးကြိမ်မြောက် ရှုံးနိမ့်ခဲ့ရသည့်အတွက် ဆာရန်နိုအနေဖြင့် ကေတီတေလာအား အနိုင်မယူနိုင်တော့သောကြောင့် ထပ်မံစိန်ခေါ်မှု ပြုလုပ်တော့မည် မဟုတ်ကြောင်း သိရသည်။

ကေတီတေလာက "မယုံနိုင်လောက်အောင်ကောင်းတဲ့ စိန်ခေါ်ပွဲဖြစ်ခဲ့ပါတယ်။ ကစားသမားဘဝကနေအနားမယူခင် Croke Park မှာ ထိုးသတ်ခွင့်ရခဲ့တာ အရမ်းဂုဏ်ယူပါတယ်။ ပရိသတ်တွေဟာ ငွေကြေးအမြောက်အမြားအကုန်ကျခံပြီး ကျွန်မတို့ပွဲကို လာအားပေးကြတယ်။ ကျွန်မအတွက်တော့ ပရိသတ်တွေရဲ့ အားပေးမှုက ဘဝကြီးပါပဲ။ Croke Park မှာ အောင်မြင်မှုရဖို့က ကျွန်မရဲ့ကလေးဘဝကတည်းကမက်လာခဲ့ရတဲ့ အိပ်မက်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : AZL

## အာဆင်နယ်အသင်းက ဘောလုံးရာသီခုနစ်ရာသီအတွင်း ချဲလ်ဆီးကစားသမား ခြောက်ဦးထိခေါ်ယူနိုင်ခဲ့

လန်ဒန် ဇူလိုင် ၁၂

အာဆင်နယ် အသင်းသည် ချဲလ်ဆီးအသင်းမှ ဂိုးသမားကီပါကို စတာလင်ပေါင် ငါးသန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် တောင်ပံတိုက်စစ်ကစားသမား မက်ဒူခီကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၂ သန်းဖြင့်သဘောတူညီမှုရခဲ့သောကြောင့် ဘောလုံးရာသီ ခုနစ်ရာသီအတွင်း အာဆင်နယ်အသင်းက ချဲလ်ဆီးအသင်းမှကစားသမားခြောက်ဦးထိ ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ၂၀၁၉ ခုနှစ်မှစတင်ကာ ချဲလ်ဆီးအသင်းကစားသမားများဖြစ်သည့် ခံစစ်ကစားသမား ဒေးဗစ်လုဇ်၊ တောင်ပံကစားသမား ဝီလျံ၊ ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟို၊ တိုက်စစ်ကစားသမား ကိုင်ဟာဗက်ဇ်၊ ဂိုးသမားကီပါတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၄၂ သန်းထိ သုံးစွဲခေါ်ယူနိုင်ခဲ့ပြီးနောက် မက်ဒူခီကိုပါ ထပ်မံခေါ်ယူနိုင်ပါက ကစားသမားခြောက်ဦးထိ ခေါ်ယူနိုင်မည်ဖြစ်သည်။

လက်ရှိတွင် နည်းပြမာရက်စ်ကာက ၎င်းကိုလက်လွှတ်ရန် ဆန္ဒမရှိသော်လည်း တိုက်စစ်ကစားသမား မက်ဒူခီက အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသောကြောင့် အသင်းမှထွက်ခွာရန် သဘောရှိခဲ့ကြောင်း ပြောကြားခဲ့ပြီး လာမည့် ပီအက်စ်ဂျီအသင်းနှင့် ဖီဖာကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်ကစားမည့် ကစားသမားစာရင်းမှ ထွက်ခွာ၍ အာဆင်နယ်အသင်းနှင့် ဆေးစစ်မှုခံယူရန် လန်ဒန်သို့ ထွက်ခွာသွားကြောင်း သိရသည်။

Ref : Daily mail

Trs : ML

## ဂိုးသမားပက်ထရိုဗစ်ကို စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် ဘုန်းမောက်အသင်း သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၁၂

ဘုန်းမောက် အသင်းသည် ဂိုးသမား လိုအပ်ချက်အတွက် ချဲလ်ဆီးအသင်းဂိုးသမား ပက်ထရိုဗစ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် ရက်ပိုင်းအတွင်း ဆေးစစ်မှုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပက်ထရိုဗစ်သည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက BlueCo Group ကပိုင်ဆိုင်သည့် လီဂူးဝမ်းကလပ် စထရာဘော့အသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ ပြိုင်ပွဲစုံ ၃၁ ပွဲထိ ပါဝင်ကစားပေးခဲ့ပြီး အသင်းကို အမှတ်ပေးဇယား အဆင့်(၇)နေရာသို့ ပို့ဆောင်၍ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့အောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် အသင်းပရိသတ်များက ပေးအပ်ခဲ့သည့် တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ရရှိခဲ့သည်။



ထို့ကြောင့် ဘုန်းမောက်အသင်းက ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် ကီပါကို အပြီးသတ်မခေါ်ယူနိုင်ဘဲ လက်လွှတ်ခဲ့ရသော်လည်း ဂိုးသမား ပက်ထရိုဗစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်း ပေးချေပါက ခွင့်ပြုပေးမည်ဖြစ်သဖြင့် ဘုန်းမောက်အသင်းက ပေးချေရန် အသင့်ဖြစ်နေသောကြောင့် လာမည့်ရက်သတ္တပတ်အတွင်း ဆေးစစ်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပက်ထရိုဗစ်သည် စထရာဘော့အသင်းတွင် လက်စွမ်းပြသနိုင်သော်လည်း အသင်းနှင့်ပြန်လည်ပူးပေါင်းပါက ဂိုးသမားဆန်းချက်ဇ်၊ ဂျော်ဂျန်ဆန်တို့ ရှိနေသည့်အတွက် ပွဲထွက်ခွင့် အာမခံချက်ရရှိမည် မဟုတ်သဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး လက်ရှိအချိန်တွင် ရာသီကြိုခြေစမ်းပွဲ ကစားရန်အတွက် အင်္ဂလန်တွင်ကျန်ရှိသည့် ကစားသမားများနှင့် လေ့ကျင့်ရေးအစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများအား အမျိုးသမီးဘောလုံးကော်မတီ တွေ့ဆုံအားပေး




ရန်ကုန် ဇူလိုင် ၁၂

ယခုနှစ်အတွင်း ယှဉ်ပြိုင်ကစားသွားမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ယူ-၁၉ လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယူ-၁၆ လက်ရွေးစင်အမျိုးသမီးအသင်း များအား ယနေ့နံနက်ပိုင်းက MFF အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်သိန်းသိန်းအေး၊ ဒေါ်စံပယ်ထွန်း၊ ဒေါ်နိုင်ရာမိုးနှင့် ဒေါ်ဟေနှင်းထက်တို့ လာရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများမှ နည်းပြအဖွဲ့ဝင်များ၊ ကစားသမားများ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီး ဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်နှင့် အဖွဲ့ဝင်များက မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် ယူ-၁၉ လက်ရွေးစင် အမျိုးသမီးအသင်းများအနေဖြင့် ပြီးခဲ့သည့် ပြိုင်ပွဲများတွင်ကြုံတွေ့ခဲ့သည့် ရလဒ်ဆိုးများကိုသင်ခန်းစာယူပြီး လာမည့်ပြိုင်ပွဲများ၌ အကောင်းဆုံးယှဉ်ပြိုင်ကြိုးစားသွားရန်၊ ယူ-၁၆ လက်ရွေးစင်အမျိုးသမီးအသင်း အနေဖြင့်လည်း ရလဒ်ကောင်းရရှိရေး စနစ်တကျပြင်ဆင်သွားရန် တိုက်တွန်းပြောကြားခဲ့ပြီး စိတ်ဓာတ်ခွန်အားဖြစ်စေမည့် အားပေးစကားများ အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် သက်တမ်းအလိုက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းများမှ အသင်းခေါင်းဆောင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းဓာတ်ပုံရိုက်၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ စပိန်ကစားသမား အယ်ကာရက်ဇ် တက်ရောက်

လန်ဒန် ဇူလိုင် ၁၂

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၅-၇၊ ၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲဝင်များအနက် အကောင်းဆုံးပြိုင်ပွဲဝင်လေးဦးတွင် ပါဝင်နေသည့် အယ်ကာရက်ဇ်နှင့် တေလာဖရစ်ဇ်တို့၏ ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး အနိုင်ရလဒ်အတွက် နှစ်ဦးစလုံး ရေကုန်ရေခန်းကစားခဲ့ကြသည်။

ပထမပွဲငယ်တွင် အယ်ကာရက်ဇ်က ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်းဒုတိယပွဲငယ်တွင် အကြိတ်အနယ်ကစားခဲ့ရပြီး တေလာဖရစ်ဇ်က tie-break တွင် အနိုင်ရခဲ့သော်လည်း တတိယပွဲငယ်တွင် အယ်ကာရက်ဇ်က ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး စတုတ္ထပွဲငယ်တွင် tie-break အထိ ကစားခဲ့ပြီးမှ အယ်ကာရက်ဇ်ကအနိုင်ရခဲ့သည်။

အယ်ကာရက်ဇ်သည် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ပြီး လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အီတလီ တင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ချန်ကင်မ်ဆက်လက်ဦးဆောင်

ကန်တပ်ကီ ဇူလိုင် ၁၂

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ကျင်းပနေသည့် ISCO Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ချန်ကင်မ်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီ ဂေါက်သီးရိုက်ကစားသမား ရိုစင်မူလာ၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဗင့်ဝါလေနှင့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဗန်တူရာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့သည်။

ချန်ကင်မ်သည် ပြိုင်ပွဲဝင်များအနက် စွမ်းဆောင်ရည် အတည်ငြိမ်ဆုံးသော ပြိုင်ပွဲဝင်ဖြစ်ခဲ့ပြီး စွမ်းဆောင်ရည်ကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ချန်ကင်မ်အနေဖြင့် ဒုတိယမြောက်၏ ကျင်းနံပါတ် ၁၁ နှင့် ကျင်းနံပါတ် ၁၆ တို့တွင် Bogeys ဖြစ်သွားခဲ့သည့် အတွက်ကြောင့်လည်း ပိုကောင်းသည့်ရလဒ်ရရှိမည့်အရေးဖြင့် လွဲချော်ခဲ့ရသည်။

ချန်ကင်မ်က "တစ်ရက်နဲ့ တစ်ရက် ရလဒ်တွေကအပြောင်းအလဲတွေမြန်နေတယ်။ ပထမနေ့မှာရခဲ့တဲ့ ရလဒ်မျိုးမရခဲ့ပေမဲ့လဲ ပုံစံကောင်း တစ်ခုကိုတော့ ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ပထမနေ့လို အရမ်းကောင်းတဲ့ စွမ်းဆောင်ရည်မျိုးမဟုတ်ခဲ့ပေမဲ့လဲ တစ်ရက်ပြီးတစ်ရက် အခုလိုရလဒ်မျိုးလေးသာ ပုံမှန်ရယူနိုင်မယ်ဆိုရင် ကျွန်တော့် မျှော်လင့်ချက်တွေ အလားအလာ ကောင်းလာလိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# စင်ကာပူတာတိုဖလား ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခုရရှိထား



ရန်ကုန် ဇူလိုင် ၁၂

စင်ကာပူနိုင်ငံ၌ ယနေ့မှစ၍ ဇူလိုင် ၁၃ ရက်ထိ ကျင်းပနေသော စင်ကာပူတာတိုဖလား ကနူး၊ ကယက်လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup) တွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ ကနူး၊ ကယက် လှေလှော် အားကစားအဖွဲ့သည် ရွှေသုံးခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် U17 + U18 ကယက်တစ်ယောက်လှော်မီတာ ၁၀၀၀ ပြိုင်ပွဲ၌ မြန်မာမှ ဇေယျာထွန်းက ပထမ(ရွှေ)၊ စင်ကာပူမှ Luke Enrique Diez Thang က ဒုတိယ(ငွေ)နှင့် မြန်မာမှ ခင်ဇော်လွင်က တတိယ(ကြေး)ဖြင့်လည်းကောင်း၊ Open မီတာ ၁၀၀၀ ကနူးတစ်ယောက်လှော် ပြိုင်ပွဲတွင် မြန်မာမှ သန့်ဇင်ဦးက ပထမ(ရွှေ)၊ စင်ကာပူမှ Lucas Huan Zhi Kai က ဒုတိယ(ငွေ)နှင့် မြန်မာမှ ထွဋ်ခေါင်ဇော်က တတိယ(ကြေး)၊ U15 + U18 ကနူးတစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာမှ ထွဋ်ခေါင်ဇော်က ပထမ(ရွှေ)၊ စင်ကာပူမှ ဒုတိယ(ငွေ)နှင့် တတိယ(ကြေး)၊ U17 + U18 ကယက်တစ်ယောက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် စင်ကာပူမှ ပထမ၊ မြန်မာမှ ဇေယျာထွန်းက ဒုတိယ(ငွေ)နှင့် မြန်မာမှ ခင်ဇော်လွင်က တတိယ(ကြေး)တို့ ဆွတ်ခူးထားကြသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး၊ ကယက် လှေလှော် အားကစားအဖွဲ့သည် ဇူလိုင် ၁၃ ရက်တွင် မီတာ ၂၀၀၊ မီတာ ၃၀၀ တို့ ဆက်လက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၌ အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ ဩစတြေးလျ၊ ဟန်ဂေရီနိုင်ငံတို့ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်းသိရသည်။

STA

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဘောလုံးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုးမရှိသရေရလဒ်ဖြင့်လည်းကောင်း သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုများကိုအားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

STA

ခရီးသွားဆောင်းပါး

# မိုးနဲမြို့ကဆင်တောင်နှင့်ဒေဝီ (၁၂) ပါးဂူ

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့ကိုရောက်ရှိနေစဉ်အတွင်း မိုးနဲဟော်ကိုလေ့လာကြည့်ရှုပြီးကြပါပြီ။ မနက်စောစောအိပ်ရာထ၊ မနက်စာစားသောက်ပြီးကြတာနဲ့ ဟော်ရှိရာကိုသွားရောက်လေ့လာကြတာကြောင့် ဟော်ကိုလေ့လာပြီးချိန်မှာ ၈ နာရီကျော်ကျော်သာရှိနေပါသေးတယ်။ ဆက်လက်ပြီးမြို့ခံတစ်ယောက်က ပြောပြလမ်းညွှန်လိုက်တဲ့အတိုင်း မိုးနဲစော်ဘွားကြီး ဆောက်လုပ်လှူဒါန်းသွားခဲ့တယ်ဆိုတဲ့ ရွှေကျောင်းရှိရာကို ထွက်ခွာလာခဲ့ကြတယ်။ ရွှေကျောင်းကမိုးနဲမြို့တွင်း လမ်းဘေးတစ်နေရာမှာ တည်ရှိနေသလို ထင်ထင်ရှားရှားဖြစ်နေတာကြောင့် လွယ်လွယ်ကူကူနဲ့ ရှာဖွေရောက်ရှိလာခဲ့ကြတယ်။

ကျောင်းဝင်းအတွင်းကို ကားမောင်းပြီးဝင်သွားလိုက်တာနဲ့ အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေတဲ့ သီးပင်စားပင်တွေ၊ ရေနံချေးအရောင်ပျက်ပြယ်စပြုနေပြီဖြစ်တဲ့ ကျောင်းအိုအိုကြီးတစ်ခုကို စတင်တွေ့မြင်လိုက်ကြရတယ်။ ကျောင်းကြီးက ကြီးမားကျယ်ဝန်းလှတဲ့ သစ်သားကျောင်းဆောင်ကြီးပါ။ ဝင်ပေါက်လှေကားကိုတော့ အုတ်တွေနဲ့မွမ်းမံထားတယ်။ ကျောင်းပေါ်ကိုရောက်သွားကြတော့ ကျောင်းထိုင်ဆရာတော်ကို တွေ့ရှိဖူးမြော်ကြရတယ်။ ဆရာတော်ရဲ့အသက်က ငယ်ပါသေးတယ်။ နေ့ရက်အချိန်က အကြံ့န်အကြတ်နေ့ဖြစ်နေတာကြောင့် ဆရာတော်ရဲ့အနီးမှာ ဥပုသ်သီလဆောက်တည်ကြမဲ့ ဒေသခံဘိုးဘွားတချို့လဲ ရှိနေကြတယ်။ ဒါပေမဲ့ ဘိုးဘွားတွေက မြန်မာစကားကို ကောင်းကောင်းမွန်မွန်တတ်ကျွမ်းခြင်း၊ နားလည်ခြင်းမရှိကြပါဘူး။ ရွှေကျောင်းနဲ့ပတ်သက်ပြီး မိမိတို့သိချင်တဲ့ သမိုင်းအချက်အလက်အကြောင်းအရာတွေကို ဒေသခံဘိုးဘွားတွေကလဲ မြန်မာစကားကိုကောင်းကောင်းနားမလည်ကြနဲ့ သိလိုတာမေးမြန်းဖို့ အခက်အခဲတွေ တွေ့ကြရတယ်။ မြန်မာစကားကို အတော်အတန်တတ်မြောက်နေတဲ့ ဆရာတော်က ဘိုးဘွားတွေကို ပြန်လည်မေးမြန်းပြီး ဘာသာပြန်ပေးနေပေမဲ့ မိမိတို့သိလိုတဲ့အကြောင်းအရာပြည့်ပြည့်စုံစုံကို မသိရှိခဲ့ရပါဘူး။

သိရှိခဲ့ရတဲ့ အကြောင်းအရာတွေထဲမှာ မိုးနဲစော်ဘွားကြီးက ရွှေကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းထားခဲ့တာနဲ့အတူ ကျောင်းဝင်းအတွင်းမှာလဲ စေတီတော်ကြီးတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း၊ ကျောင်းဝင်းအပြင်မှာ တွေ့မြင်နေရတဲ့ စေတီတော်က မှူးကြီးမတ်ကြီးတွေ၊ မင်းညီမင်းသားတွေ၊ ဆွေတော်မျိုးတော်တွေ တည်ထားခဲ့ကြတာဖြစ်ကြောင်း၊ ဒီစေတီတွေထဲမှာလဲ အလွန်ကြီးမားတဲ့ စေတီတော်ကြီးတွေပါဝင်နေကြောင်း၊ အခုမြင်တွေ့နေရတာက အရိပ်မထွက်စေတီတော်ကြီးဖြစ်ကြောင်း စတာတွေကို သိရှိလိုက်ရတဲ့အပြင် ဆရာတော်လက်ညှိုးထိုးပြလိုက်တဲ့ အရိပ်မထွက်စေတီတော်ကြီးဆိုတာလဲ ပြတင်းပေါက်ကနေ တွေ့မြင်လိုက်ရတယ်။ ဆရာတော်နဲ့ သိချင်တာတွေကို လျှောက်ထားမေးမြန်းပြီးတာနဲ့ ကျောင်းပေါ်ကနေဆင်းလာကြပြီး စော်ဘွားကြီးတည်ထားခဲ့တယ်ဆိုတဲ့ စေတီကြီးကို ဖူးမြော်လေ့လာကြရတယ်။ စေတီတော်ကြီးက ကျောင်းဝင်းအရှေ့မုခ်ဦးအနီးမှာ တည်ရှိနေတယ်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်လောက်က လက်ရာအနေအထားမျိုးပါ။ စေတီတော်ကို လေ့လာဖူးမြော်ကြပြီးမှ ကျောင်းဝင်းထဲကနေ ပြန်ထွက်လာခဲ့ကြပြီး ကျောင်းဝင်းအပြင်မှာရှိနေကြတဲ့ အရိပ်မထွက်စေတီအပါအဝင် အခြားစေတီတွေကို ဖူးမြော်လေ့လာကြရတယ်။

အရိပ်မထွက်စေတီတော်က ထုထည်ကြီးမားနေသလို မိုးနဲစော်ဘွားကြီး တည်ထားခဲ့တဲ့စေတီထက်လဲ ဉာဏ်တော်ပိုမိုမြင့်မားနေတယ်။ စေတီတော်ကြီးအနီးဝန်းကျင်မှာ များပြားလှတဲ့စေတီတွေကို တွေ့မြင်နေရတယ်။ အချို့စေတီတွေက ပြန်လည်ပြုပြင်မွမ်းမံထားတဲ့ စေတီတွေ၊ အချို့စေတီတွေက အမြဲတမ်းထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတဲ့ စေတီတွေ၊ အချို့စေတီတွေက ထိန်းသိမ်းစောင့်ရှောက်မှုလဲမရှိ၊ ပြုပြင်မှုလဲမရှိ စေတီလို့သာခေါ်ဆိုလို့ရတော့တဲ့ အုတ်ပုံသာသာ၊ မြေပုံသာသာစေတီတွေကိုလဲ အများအပြားတွေ့မြင်နေရတယ်။ ဒီလိုစေတီအို၊ စေတီဟောင်းကြီးတွေအထဲမှာ အချို့စေတီတွေက လောလောလတ်လတ်လှူပ်ခတ်သွားခဲ့တဲ့ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားတာကိုလဲ စိတ်မကောင်းစရာတွေ့မြင်နေရတယ်။ အရိပ်မထွက်စေတီတော်အနီးမှာ လူနေအိမ်ခြေတိုက်တာအဆောက်အအုံတွေမရှိ၊ ဈေးဆိုင်တွေမရှိ၊ သွားလာလှုပ်ရှားနေကြသူတွေမရှိ ကွင်းပြင်ကျယ်ကြီးတစ်ခုအတွင်းမှာ စေတီတွေသာ အထီးကျန်ကျန်ရှိနေကြသလို တိတ်ဆိတ်ခြောက်ကပ်နေတာကြောင့် လေ့လာကြည့်ရှု၊ မှတ်




တမ်းဓာတ်ပုံတွေရိုက်ယူပြီးတာနဲ့ ဆင်တောင်ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ကားပေါ်ရောက်ရှိပြီး ကားမောင်းနေတုန်း ခရီးဖော်ကြီးတစ်ယောက်က အခုလေ့လာခဲ့ကြတဲ့ စေတီတွေအထဲမှာ မှူးကြီးမတ်ကြီးတွေ၊ မင်းညီမင်းသားတွေ၊ ဆွေတော်မျိုးတော်တွေ တည်ထားခဲ့ကြတဲ့ စေတီတွေအပြင် စော်ဘွားကြီးတွေအဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြတဲ့ စေတီတွေလဲပါဝင်နေတယ်။ ဘယ်စေတီတော်တွေကို ဘယ်အချိန်၊ ဘယ်ခုနှစ်က၊ ဘယ်စော်ဘွားကြီးတည်ထားခဲ့တယ်ဆိုတာကို မေးမြန်းကြည့်ပါလားဆိုတာကြောင့် စဉ်းစားကြည့်လိုက်တဲ့အခါ ဒေသခံဘိုးဘွားကြီးတွေက မြန်မာစကားလဲကောင်းကောင်းမတတ်၊ မြို့ခံစာရေးဆရာ၊ သတင်းစာဆရာတွေလဲမရှိ၊ မတွေ့၊ ရွှေကျောင်းဆရာတော်ဆီမှာလဲ ဘာမှတ်တမ်းမှတ်ရာမှမရှိကြောင်း သိရှိထားရတာကြောင့် ခရီးဖော်ကြီးပြောပြတဲ့အစီအစဉ်ကို လက်လျှော့လိုက်ရတော့တယ်။ စော်ဘွားကြီးတွေအဆက်ဆက် တည်ထားကိုးကွယ်ခဲ့ကြတဲ့ စေတီတော်တွေရဲ့ မှတ်တမ်းတွေ သိရှိကျန်ရစ်နေခဲ့မယ်ဆိုရင် မိုးနဲမြို့အတွက် အဖိုးမဖြတ်နိုင်တဲ့ သမိုင်းတွေဖြစ်သွားတော့မှာပါ။

ဆက်လက်ထွက်ခွာလာခဲ့ကြတဲ့ ဆင်တောင်က မြို့အဝင်လမ်းဘေးတစ်နေရာမှာ တည်ရှိနေတယ်။ ဆင်တောင်သို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်လေးအတိုင်း အတွင်းကိုဝင်ရောက်မောင်းနှင်လာခဲ့ရတယ်။ ဒါပေမဲ့ လူနေအိမ်တွေ၊ လမ်းခွဲ၊ လမ်းချိုး၊ လမ်းကွေ့တွေများပြားနေတာကြောင့် ကားမောင်းနေရင်းနဲ့ မျက်စိလည်လမ်းမှားနေပြီး ဒေသခံတွေကို ထပ်မံမေးမြန်းနေရတယ်။ ဒီအချိန်မှာ လူငယ်လေးတစ်ယောက်က သူ့ရဲ့ဆိုင်ကယ်နောက်ကလိုက်ပြီး မောင်းလာခဲ့ပါ။ ဆင်တောင်ရောက်အောင် လိုက်လံပြသပေးပါ့မယ်ဆိုလို့ ဆိုင်ကယ်နောက်ကနေ လိုက်ပါမောင်းနှင်ရင်း ဆင်တောင်ရှိရာကို ရောက်လာခဲ့ကြရတယ်။ တစ်ကြိမ်တစ်ခါမှမရောက်ဖူး၊ မသွားဖူးသေးတဲ့နေရာ ဒေသအသစ်ဖြစ်နေတဲ့အပြင် လမ်းခွဲတွေများပြားနေတာကြောင့်လဲ မျက်စိလည်နေကြရတာပါ။ ဒေသခံလမ်းပြအကူအညီနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်တော့ ရောက်လာခဲ့ကြပါတယ်။

ဆင်တောင်က ရွာငံ-အောင်ပန်းလမ်းပေါ်မှာရှိတဲ့ မိန်းမရဲသခင်မတောင်နဲ့ ခပ်ဆင်ဆင်တူတာကို တွေ့မြင်နေရတယ်။ မိန်းမရဲသခင်မတောင်ရဲ့ တောင်ထိပ်မှာ စေတီတွေ အများအပြားတည်ရှိနေသလို ဆင်တောင်ပေါ်မှာလဲ စေတီတွေရှိနေကြတယ်။ တောင်ရဲ့ အမြင့်ပေကလဲ မတိမ်းမယိမ်း တူညီနေကြတယ်။ ဒါ့ပြင် သောင်ကမ်းပါးယံတစ်လျှောက်မှာ စေတီရံတွေ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ၊ ရဟန္တာရုပ်တုအစီအတန်းတွေ ရှိနေတာချင်းလဲ တူညီနေကြတယ်။ တောင်ထိပ်ပေါ်ကို တက်ရောက်ဖို့အတွက် မိန်းမရဲသခင်မတောင်လိုပဲ အုတ်စီလှေကားထစ်လေးတွေ ရှိနေပြန်တယ်။ ဒါပေမဲ့ တောင်ပေါ်ထိ မတက်ကြတော့ဘဲ တောင်အောက်ကနေ တောင်ပတ်ဝန်းကျင်အခြေအနေတွေကို လေ့လာကြည့်ရှုကြရတယ်။ ဆင်တောင်ဝန်းကျင်တစ်ခုလုံးမှာ ဘုရား၊ စေတီတွေ အလွန်ပေါများစွာတည်ရှိနေပြီး အေးချမ်းသာယာနေပေမဲ့ ဘုရားဖူးဧည့်သည်တွေကို လုံးဝမတွေ့ရှိရဘဲ တိတ်တိတ်ဆိတ်ဆိတ် ခြောက်ခြောက်ကပ်ကပ်ဖြစ်နေတယ်။ ဘုရားဖူးရင်း၊ အနားယူအပန်းဖြေရင်း၊ တောင်ထိပ်ပေါ်ကနေ မိုးနဲမြို့ရှုခင်းတွေကို ကြည့်ရှုခံစားမယ်ဆိုရင် တကယ်ကောင်းတဲ့နေရာတစ်ခုပါ။ မိမိတို့ခရီးဖော်တွေ ရောက်ရှိလေ့လာနေကြတဲ့ အချိန်မှာတော့ ပြုပြင်ထိန်းသိမ်းထားခြင်းမရှိတဲ့ ရှေးဟောင်းစေတီတချို့ ငလျင်ဒဏ်ကြောင့် အနည်းငယ် ပျက်စီးနေတာကို တွေ့မြင်နေရတယ်။

ဘုရားစေတီတွေပေါ်များပြီး သာယာလှပတဲ့ ဆင်တောင်ရဲ့ထူးခြားချက်ကတော့ တောင်ပတ်ဝန်းကျင်မှာ ဘုန်းကြီးကျောင်းတွေမရှိ၊ ဈေးဆိုင်တန်းတွေမရှိ၊ ဘုရားဖူးတွေမရှိနဲ့ တိတ်ဆိတ်နေတာပါ။ ဒါကလဲ မိုးနဲမြို့က တစ်ခေတ်တစ်ခါက စော်ဘွားတွေနေထိုင်ခဲ့တဲ့ မြို့ဖြစ်နေပေမဲ့ အခုအချိန်မှာ မြို့ကြီးပြကြီးလဲမဟုတ်၊ အလွန်စည်ကားတဲ့ လမ်းဆုံလမ်းခွမြို့လဲမဟုတ်၊ လူဦးရေများပြားပြီး စီးပွားရေးအချက်အချာကျတဲ့မြို့လဲမဟုတ်တာကြောင့် ဖြစ်မယ်ထင်ပါတယ်။ မိုးနဲမြို့မှာရှိနေတဲ့ ဆင်တောင်က ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နဲ့ အခြားမြို့ကြီးတွေအနီးအနားမှာ ရှိနေမယ်ဆိုရင် လာရောက်ကြသူတွေနဲ့ အလွန်စည်ကားနေမှာပါ။

ဆင်တောင်မှာ လေ့လာပြီးကြတာနဲ့ ဒေဝီ (၁၂) ပါးဂူရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဒေဝီ (၁၂)ပါးဂူက မိုးနဲမြို့အဝင်နေရာကနေ အတွင်းဘက်ကိုဝင်ရောက်သွားရတယ်။ အဝင်လမ်းက ကတ္တရာလမ်းကျဉ်းဖြစ်ပြီး လမ်းဘေးဝဲယာတစ်လျှောက်မှာ စီတန်းစိုက်ပျိုးထားတဲ့ ကျွန်းပင်တွေရှိနေတယ်။ မိုးနဲ-လင်းခေးသွားလမ်းမကြီးကနေ တစ်မိုင်ဝန်းကျင်လောက် ဝင်ရောက်မောင်းနှင်လာခဲ့ရတယ်။ ကားမောင်းလာရင်းနဲ့ မိမိတို့ခရီးဖော်အချင်းချင်း ဒေဝီ (၁၂)ပါးဂူဆိုတာဘာလဲ၊ ဒေဝီ (၁၂) ပါးဆိုတာဘာလဲ၊ ဘယ်သူတွေလဲဆိုပြီး စဉ်းစားတွေးတောကြရတယ်။ လမ်းခွဲအဝင်ဝမှာလဲ သမိုင်းဝင်ဒေဝီ (၁၂)ပါးဂူဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ရှမ်းဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတွေနဲ့ တခမ်းတနားရေးသားထားတာကြောင့် ပိုမိုသိချင်တဲ့ ဆန္ဒတွေပြင်းပြလာကြရတယ်။ စဉ်းစားတွေးတောကြရင်း၊ စကားပြောရင်းနဲ့ မကြာခင်မှာ ဒေဝီ (၁၂) ပါးဂူရှိတဲ့နေရာကို ရောက်လာခဲ့ကြတယ်။

လမ်းအဆုံးကားရပ်လိုက်တဲ့နေရာက သစ်ပင်အုပ်အုပ်ကြီးတွေ၊ အဆောက်အအုံကြီးတွေ၊ ပန်းပင်ပန်းအိုးတွေ ဝိုင်းရံထားတဲ့ မြေကွက်လပ်ကျဉ်းကျဉ်းနေရာလေးတစ်ခုပါ။ ကားရပ်လိုက်ပြီး ကားပေါ်ကနေ ဆင်းဆင်းချင်း ဒေဝီ (၁၂)ပါးဂူ သမိုင်းဝင်နေရာများဆိုတဲ့ ဗွီနိုင်းကားချပ်ကြီးကို စတင်တွေ့မြင်လိုက်ရလို့ ခရီးဖော်တွေအားလုံးက ဗွီနိုင်းကားချပ်ကြီးကို ဝိုင်းအုံကြည့်ရှုလေ့လာကြရတယ်။ ဒါပေမဲ့ ဓာတ်ပုံရိုက်ထားတဲ့ပုံတွေကိုသာ တွေ့မြင်နေရပြီး ဒေဝီ (၁၂)ပါးနဲ့ပတ်သက်တဲ့၊ ဂူနဲ့ပတ်သက်တဲ့ အကြောင်းအရာအချက်အလက်တွေကို ရေးသားဖော်ပြထားခြင်းမရှိတာကြောင့် သိချင်နေတာတွေကို သိရှိခွင့်မရသေးပါဘူး။ အနီးအနားမှာလဲ မေးမြန်းစုံစမ်းရမဲ့လူတွေကို မတွေ့ရလို့ မိမိတို့ခရီးဖော်တွေက တံခါးတွေဖွင့်ထားတဲ့ ကျောင်းတိုက်ကြီးတစ်ခုပေါ်ကို အုတ်လှေကားထစ်တွေအတိုင်း တက်ရောက်လာခဲ့ကြတယ်။ ကျောင်းတိုက်ကြီးပေါ်ကိုရောက်တော့ ရှင်သာမဏေငယ်(ကိုရင်)လေးတွေကို တွေ့ရတယ်။ ကိုရင်ငယ်လေးတွေက မိမိတို့အဖွဲ့ကို အထူးတဆန်းနဲ့ပြန်လည်ကြည့်ရှုနေကြတာကိုလဲ သတိထားလိုက်မိတယ်။

ဆင်တောင်မှာလိုမဟုတ်ဘဲ ဒေဝီ (၁၂)ပါးဂူမှာ လူတွေကိုတွေ့မြင်နေရတယ်။ လူတွေရှိနေတယ်ဆိုတော့ ဒေဝီ (၁၂)ပါးဂူအကြောင်းကို မေးမြန်းသိရှိကြရတော့မှာပါ။ ဒါပေမဲ့ ကိုရင်လေးတွေကို မေးမြန်းကြည့်တဲ့အခါ မြန်မာစကားကိုတတ်လဲမတတ်၊ နားလဲမလည်၊ ဘာပြောလို့ပြောနေမှန်းမသိကြဘဲ သူတို့အချင်းချင်း ရှမ်းတိုင်းရင်းသားဘာသာစကားတွေနဲ့သာ ပြောဆိုနေကြလို့ ကိုရင်လေးတွေဆီကနေ ဘာမှသိခွင့်မရနိုင်ကြောင်း သုံးသပ်လက်လျှော့လိုက်ကြရတယ်။ ဒီအချိန်မှာပဲ တစ်ဖက်ကျောင်းတိုက်တစ်ခုအတွင်းကနေ ဒယ်အိုးတွေသယ်ယူလာနေတဲ့ အသက်ကြီးကြီးအဒေါ်ကြီးတစ်ယောက်ကိုတွေ့လိုက်ရလို့ ဝမ်းသာသွားခဲ့ပြီး မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာလဲ အဒေါ်ကြီးကဘာမှမသိ၊ မြန်မာစကားလဲမတတ်တာကြောင့် ထပ်မံလက်လျှော့ကြရပြန်တယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မိုးနဲမြို့မှာ ဒီလိုမြန်မာစကားမတတ်တဲ့သူတွေရှိနေတာ၊ မြင်တွေ့နေရတာ အံ့သြစရာအထူးအဆန်းတော့မဟုတ်ပါဘူး။ မိမိတို့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ထဲက ရှမ်းရွာတချို့မှာ၊ မိုးကုတ်နယ်ထဲက ရှမ်းရွာတချို့မှာ မြန်မာစကားမတတ်တဲ့ ရှမ်းတိုင်းရင်းသားတွေ အများအပြားရှိနေပါသေးတယ်။ ရှမ်းပြည်နယ်အတွင်းက မြို့၊ ရွာတွေမှာ ပိုမိုများပြားနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိုးနဲမြို့ကိုရောက်ရှိနေတုန်း သမိုင်းဝင်ဒေဝီ(၁၂)ပါးဂူဆိုတာကို သိခွင့်ရအောင် ဆက်လက်ကြိုးစား မေးမြန်းစုံစမ်းလိုက်ပါအုံးမယ်။

## Night at the Museum ဇာတ်ကားသစ်ရိုက်ကူးရေးအတွက် ၂၀ ရာစုရုပ်ရှင်စတူဒီယိုပြင်ဆင်နေ



**နယူးယောက် ဇူလိုင် ၁၂**

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Night at the Museum ဇာတ်ကားသစ် ရိုက်ကူးရေးအတွက် ပြင်ဆင်နေကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

Night at the Museum ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ထရက်ပါကလန်စီက ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

မူလ Night at the Museum (2006) ကို ဒါရိုက်တာ ရှောင်လီဗိုင်းက ရိုက်ကူးပေးခဲ့ပြီး မင်းသား ဘင်စတယ်လာ၊ ရာမီမာလက်၊ ရော်ဘင်ဝီလီယံနှင့် အိုဝင်ဝီဆင်တို့ ပါဝင်သရုပ်ဆောင်ခဲ့သည်။

နောက်ပိုင်းတွင် ၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Night at the Museum ဇာတ်ကားသစ်နှစ်ကားကို ဆက်လက်ရိုက်ကူးထုတ်လုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ၂၀ ရာစုစတူဒီယိုက ရိုက်ကူးရန်ပြင်ဆင်နေသော Night at the Museum ဇာတ်ကားသစ်၏ဇာတ်လမ်း ဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

ထို့ပြင် Night at the Museum ဇာတ်ကားသစ် ရိုက်ကူးမည့် ဒါရိုက်တာကိုလည်း ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ၆၉ ကြိမ်မြောက် လန်ဒန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို Wake Up Dead Man ဖြင့် စဖွင့်မည်

**နယူးယောက် ဇူလိုင် ၁၂**

Netflix ကုမ္ပဏီ၏ တတိယမြောက် Knives Out ဇာတ်ကားဖြစ်သည့် Wake Up Dead Man ဇာတ်ကားသစ်ဖြင့် ၆၉ ကြိမ်မြောက် လန်ဒန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကိုဖွင့်လှစ်မည်ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက်သတင်းများအရသိရသည်။

၆၉ ကြိမ်မြောက် လန်ဒန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို Wake Up Dead Man ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း ရုပ်ရှင်ပွဲတော် စီစဉ်သူများက ပြောကြားသည်။

အဆိုပါဇာတ်ကားကို ၆၉ ကြိမ်မြောက် လန်ဒန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ဖွင့်ပွဲနေ့ဖြစ်သော အောက်တိုဘာ ၈ ရက်၌ ပြသမည်ဖြစ်သည်။

Wake Up Dead Man: A Knives Out Mystery ဇာတ်ကားကို ဒါရိုက်တာ ရိုင်ယန်ဂျွန်ဆင်က တာဝန်ယူရိုက်ကူးပေးထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဒန်နီယယ်ခရိတ်၊ ဂျို့အိုကွန်နာ၊ အင်ဒရူးစကော့နှင့် မင်းသမီး မီလာကူးနစ်တို့ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင်စတင်ပြသရန် Netflix ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




## ရေစက်တို့သည်လည်း တစ်ခါတစ်ရံမဆုံဆည်းသာ ဇာတ်လမ်းတွဲကို HEY Play Application ၊ HEY Play YouTube Channel မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၂**

ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲကို ဇူလိုင် ၂၅ ရက် ည ၇ နာရီမှစတင်ကာ HEY Play Application၊ HEY Play YouTube Channel မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သရုပ်ဆောင် နော်ဖေအယ်ထားက ပြောပြ၍ သိရသည်။

ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ ဇာတ်လမ်းတွဲသည် စာရေးဆရာမ လမင်းမိုမို၏ ရေစက်တို့သည်လည်း တစ်ခါတစ်ရံ မဆုံဆည်းသာ လုံးချင်းဝတ္ထုကို Soul of Stars အဖွဲ့က ဇာတ်ညွှန်း ရေးသားထားကြပြီး ဒါရိုက်တာ ပြည့်ဖြိုးနိုင်က ရိုက်ကူးထားသည့် ဒရာမာဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။




"ဒီဇာတ်လမ်းတွဲကတော့ ရိုက်ပြီးတာ နှစ်နှစ်လောက်ရှိပါပြီ။ သူ့နောက်မှရိုက်တဲ့ ကြင်ဖော်က အရင်ပြသခွင့်ရတာပါ။ ဒီဇာတ်လမ်းတွဲက သုံးပွင့်ဆိုင် အချစ်ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ ရုံပါယ်၊ ပွင့်ဦးလှ၊ ဖွေးနုနယ်တို့ကို ကမ်းခြေအလှအပတွေနဲ့ ကြည့်ရမှာပါ။ စာရေးဆရာမ လမင်းမိုမိုရဲ့ အောင်မြင်ခဲ့တဲ့ ဝတ္ထုမို့ဇာတ်လမ်းက အထူးပြောဖို့မလိုပါဘူး။ ဖွေးနုနယ်အဖြစ် အကောင်းဆုံးကြိုးစားထားပါတယ်"ဟု သရုပ်ဆောင် နော်ဖေအယ်ထားက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေတိုး၊ အေးမြတ်သူ၊ နော်ဖေအယ်ထားနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

## Eleven Days ရုပ်ရှင်ဇာတ်ကား၌ မင်းသား တေလာကစ် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၂**

Eleven Days အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား တေလာကစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

Eleven Days ဇာတ်ကားသည် တက္ကဆက်ပြည်နယ် အကျဉ်းထောင်ဌာနအကြီးအကဲ ဂျင်အက်တဲနှင့် ဟန့်စဗီးအမည်ရှိ အကျဉ်းထောင်ကိုထိန်းချုပ်၍ အကျဉ်းသားများကို ဓားစာခံဖမ်းဆီးထားသော မူးယစ်တရားခံ ကာရက်စကိုတို့ကြား အားပြိုင်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဖြစ်ရပ်မှန်အခြေပြုဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား တေလာကစ်သည် အကျဉ်းထောင်ဌာနအကြီးအကဲ ဂျင်အက်တဲအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဝီလျံတီဟာပါး၏ Eleven Days in Hell: The 1974 Carrasco Prison Siege at Huntsville Texas အမည်ရှိ စာအုပ်ကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပီတာလန်းဒက်မင်းက ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ကီဗင်ရီရီဒန်က ရေးသားပေးထားသည်။

Eleven Days ဇာတ်ကားကို ယခုနှစ် စက်တင်ဘာလအတွင်း တက္ကဆက်ပြည်နယ်၌ စတင်ရိုက်ကူးရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်း၊ ပူစူး၊ ဖိုးပြည့်တို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ် The Square Theatre Bar ၌ ပြုလုပ်မည်




**ရန်ကုန် ဇူလိုင် ၁၂**

တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်း၊ ပူစူး၊ ဖိုးပြည့်တို့၏ တောင်ကြီးသား လေးယောက် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် The Square Theatre Bar ၌ ဇူလိုင် ၁၈ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဟန်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါတေးသံရှင် ဘိုဖြူ၊ ဟန်ထွန်း၊ ပူစူး၊ ဖိုးပြည့်တို့၏ ဖျော်ဖြေသီဆိုမှုများကို Music Concert Vol.2 အဖြစ် တင်ဆက်သွားမည်ဖြစ်ပြီး The Square Theatre Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မန်းမြေက ပရိသတ်တွေကို ကျွန်တော်တို့ တောင်ကြီးသားလေးယောက်က ဒုတိယအကြိမ် သီဆိုဖျော်ဖြေပေးမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သီချင်းအေးအေးလေးတွေကို နားဆင်ရင်း တစ်ညတာကို အေးချမ်းစွာဖြတ်သန်းအနားယူနိုင်ဖို့ အားလုံးကိုဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် ဟန်ထွန်းက ပြောပြသည်။

တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်း၊ ပူစူး၊ ဖိုးပြည့်တို့၏ Music Concert Vol.2 တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar ၌ ဇူလိုင် ၁၈ ရက် ည ၇ နာရီတွင် စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Families of Commander-in-Chief (Army, Navy and Air) office hold 2025 rainy season fish releasing ceremony




Senior General Min Aung Hlaing and Daw Kyu Kyu Hla release fingerlings into Yezin Dam.

**Nay Pyi Taw July 12**

This evening, the families of the office of Commander-in-Chief (Army, Navy and Air) held the 2025 rainy season fish releasing ceremony at the Yezin Dam in Zeyathiri Township, Nay Pyi Taw Council Territory, to enhance fish resources in the reservoir. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the event and led the fish stocking initiative.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, Chief of the General Staff (Army, Navy and Air) General Kyaw Swar Lin and his wife, Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, senior military officers from the office of the Commander-in-Chief and their spouses, Union-level officials and their spouses, officer trainees from the National Defence College, as well as officers, soldiers, and their families from various departments under the office of the Commander-in-Chief (Army).

Vice-Senior General Soe Win releases fingerlings into Yezin Dam.

The ceremony began with the Senior General and his wife, leading the fish release into the Yezin Dam. Following this, the Vice-Senior General, the Chief of the General Staff (Army, Navy and Air) and his wife, Commander-in-Chief (Navy) and his wife, the Commander-in-Chief (Air) and his wife, as well as attending officer and soldier families, also took part in the fish stocking. Afterward, the Senior General and wife and entourage observed and encouraged the families as they continued releasing fish into the reservoir.

During today's ceremony, a total of 100,000 fish fingerlings were released, including 5,000 golden Hamilton's carp (2-inch size), 45,000 Labeo rohita, and 50,000 Barbus spp. Since 2011 up to August 2019, fish stocking had been conducted 10 times, and with today's event marking the 11th occasion, a total of 885,700 fish have been released into the Yezin Dam.

100

Those in attendance releasing fingerlings into Yezin Dam.

Tatmadaw members releasing fingerlings into Yezin Dam.

# More than 13,000 acres of sesame planted in Dabayin Township this monsoon



Sesame grown in a field in Dabayin Township.

**Dabayin July 12**

Data of YeU District Agriculture Department stated that local farmers have placed more than 13,000 acres of croplands under sesame in Dabayin Township of Sagaing Region this year.

During the 2025–2026 monsoon crop season, it is planned to cultivate 28,325 acres of rain-fed sesame in Dabayin Township. Cultivation began in May of this year, and as of today, 13,463 acres have already been planted.

U Zaw Myint Tun, the head of the District Agriculture Department of Ye-U District, retold: "For this year's monsoon crop season, over 28,000 acres of sesame are targeted for cultivation in Dabayin Township. So far, over 13,000 acres have already been planted, and cultivation is ongoing. Efforts are being made to ensure the target acreage is fully achieved. Support is also being provided to expand sesame cultivation, improve yield, and encourage the use of GAP (Good Agricultural Practices) techniques."

This year, the Township Agriculture Department is actively educating sesame farmers in Dabayin Township on expanding cultivation areas, using systematic planting methods, implementing GAP techniques, planting high-quality and pure varieties, and choosing high-yield seeds.

Crops grown using the GAP system are known to have better quality compared to those cultivated through conventional methods. They also fetch better prices and can be exported to international markets in addition to being sold locally. Therefore, farmers who adopt GAP techniques benefit more economically, and this also contributes to the improvement of their socio-economic lives. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Bogale Township ships large volume of eels to Yangon market in May

**Bogale July 12**

Businesspersons from Bogale Township of Ayeyawady Region sent a large volume of eels to Yangon market in May, said Daw Tin Tin Win, the owner of fishery product trading commodity in Bogale Township.

During the month of April, up to 60,000 viss of eels were exported and sold from Bogale Township to the Yangon market. In May, this figure rose to 75,000 viss, according to reports. The increase in eel exports and sales is attributed to rising demand from the Yangon market.

"Since the first week of May, eel exports have significantly improved. The surge in eel trade is believed to be due to the resumption of local eel-related businesses. Eels from our region are mainly exported to Yangon. From there, they are further distributed to other domestic and international markets. With this increase in demand, eel breeders, workers, and catchers are seeing better conditions," said Daw Tin Tin Win.

It was also reported that during the past month, the price of 10 viss of eels exported from Bogale Township to the Yangon market reached up to K175,000. These regionally sourced eels are primarily sold to the Yangon market and then distributed to other regions from Yangon.

Kyaw Kyaw Lin



Eels being put into boxes before being shipped to Yangon.

# Taze Township completes cultivation of more than 8,000 acres of rain-fed green gram this year

**Taze July 12**

A total of 8,762 acres of rain-fed green gram has been planted in Taze Township of Sagaing Region this year, according to YeU District Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 17,693 acres of rain-fed green gram in Taze Township. Cultivation began in May this year, and as of today, 8,672 acres have already been planted.

U Zaw Myint Tun, Head of the Ye-U District Agriculture Department, revealed: "For this year's monsoon crop season, over 17,000 acres of green gram are targeted for cultivation in Taze Township. So far, over 8,000 acres have been planted, and cultivation is ongoing. Efforts are being made to meet the targeted acreage. In terms of green gram cultivation, we are also providing education on expanding cultivation areas and using high-quality and pure seeds to improve yields."

This year, the Township Agriculture Department is providing guidance to green gram farmers in Taze Township on using region-appropriate quality seeds, ensuring proper cultivation techniques, preventing pest infestations, applying fertilizers systematically, and improving overall crop yield.

Additionally, during this year's monsoon crop season, for the cultivation of various pulse crops, collaborative efforts are being made with farmers to provide necessary support, including the use of high-quality seeds, vital inputs, and post-harvest technologies, all aimed at improving yield and crop quality. 206

# Shwebo District grows over 4,000 acres of plantain trees

**Shwebo July 12**

A total of 4,019 acres of plantain trees were planted in Shwebo District, Sagaing Region in this year rain crops planting season, according to the Department of Agriculture for Shwebo District.

Shwebo District planned to plant 4,019 acres of plantain trees during the 2025-2026 rain crops planting season, and planting has begun since May this year. To date, Shwebo Township has planted 1,420 acres, KhinU Township 268 acres, Wetlet Township 2,311 acres, and Kyaukmyaung Sub-Township 20 acres, totaling 4,019 acres.

"This year's rain crops planting season, Shwebo District planned to plant 4,019 acres of plantain trees. So far, 100 percent of the acres have been planted. Recently, plantain trees have also been planted in the fields. Pests and diseases are also generally less prevalent," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

Plantain farmers grow around 1,000 plantain plants per acre of land and spend up to two million kyats per acre to harvest, but they earn around five million kyats per acre at harvest time.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက ပဉ္စမမျိုးဆက်တိုက်လေယာဉ်များဝယ်ယူရေးအတွက် ရုရှားနှင့် ကနဦးဆွေးနွေးနေ



အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရာဂျက်ရှ်ကူမာဆင်းဂ်က ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ ဝယ်ယူရေးအတွက် ရုရှားနိုင်ငံနှင့် ကနဦးဆွေးနွေးမှုများ ပြုလုပ်နေကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဆွေးနွေးမှုများသည် အိန္ဒိယနိုင်ငံ၏ ကိုယ်ပိုင်အဆင့်မြင့် အလတ်စားတိုက်လေယာဉ်အစီအစဉ်ကို နောက်ထပ်ဆယ်နှစ်ခန့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေချိန်တွင် ကြားဖြတ်ဖြေရှင်းချက်တစ်ခုကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ကြိုးပမ်းလာခြင်းလည်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များဝယ်ယူရေးတွင် ရုရှားထုတ် Su-57Eနှင့် အမေရိကန်ထုတ် F-35 နှစ်မျိုးစလုံးအပေါ် စိတ်ဝင်စားမှုရှိနေသည်ဟု ရာဂျက်ရှ်ကူမာဆင်းဂ်က မှတ်ချက်ပြုပြောကြားထားသည်။

"ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့လုပ်ဆောင်မှုတွေအနေနဲ့ ပြောရမယ်ဆိုရင် ပဉ္စမမျိုးဆက်တိုက်လေယာဉ်အစီအစဉ်အတွက် ကျွန်တော်တို့မိတ်ဖက်တွေနဲ့ ဆွေးနွေးနေတာပါ။ ဒီဆွေးနွေးမှုတွေဟာ လက်ရှိအချိန်ထိ မီဒီယာကိုချပြနိုင်တဲ့အဆင့်ထိ မရောက်သေးပါဘူး။ ဒါတွေက အရေးကြီးတဲ့ညှိနှိုင်းမှုတွေပါ။ တိုက်လေယာဉ်တွေ လက်ခံရရှိတာဖြစ်ဖြစ်၊ ကမ်းလှမ်းချက်တွေထုတ်ပြန်တာဖြစ်ဖြစ် ဒါမှမဟုတ် နောက်ဆုံးစာချုပ်ချုပ်ဆိုတာဖြစ်ဖြစ် တိကျတဲ့အဆင့်တစ်ခုကိုရောက်တဲ့အခါမှ မီဒီယာတွေသိပါလိမ့်မယ်"ဟု ရာဂျက်ရှ်ကူမာဆင်းဂ်က ပြောကြားခဲ့သည်။

ဤအင်တာဗျူးပြုလုပ်ခဲ့သည့်အချိန်သည် ပါကစ္စတန်နိုင်ငံက တရုတ်နိုင်ငံထုတ် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များဖြစ်သည့် Chengdu J-20 သို့မဟုတ် Shenyang J-35ကို ဝယ်ယူအသုံးပြုတော့မည်ဟူသော သတင်းများထွက်ပေါ်နေချိန်နှင့် တိုက်ဆိုင်နေသည်။ ထိုသို့ပဉ္စမမျိုးဆက်တိုက်လေယာဉ်များ ပိုင်ဆိုင်ထားခြင်းသည် ဒေသတွင်း အင်အားချိန်ခွင်လျှာကို ပြောင်းလဲစေနိုင်သည်။ ထိုသို့ပါကစ္စတန်ဘက်မှ ဝယ်ယူလာနိုင်မှုများကြောင့် အိန္ဒိယနိုင်ငံသည် ပဉ္စမမျိုးဆက်တိုက်လေယာဉ် ဖြေရှင်းချက်ကို အမြန်ဆုံးအဆင်ပြေနိုင်ရန် စိတ်ဝင်စားမှုမြင့်တက်လာခြင်းလည်းဖြစ်သည်။

ပဉ္စမမျိုးဆက်တိုက်လေယာဉ် Su-57E ကို ပူးတွဲထုတ်လုပ်ရေးနှင့် Su-35M တိုက်လေယာဉ်များကို ကာလတိုအတွင်း ပေးပို့ရေး ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ကာကွယ်ရေးဆိုင်ရာအရေးပါသော ကမ်းလှမ်းမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။ Su-57E သည် ရုရှား၏ ပဉ္စမမျိုးဆက်တိုက်လေယာဉ်၊ Su-57 ၏ ပြည်ပတင်ပို့သည့် ဗားရှင်းဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ Nashik စက်ရုံတွင် တပ်ဆင်ထုတ်လုပ်သွားနိုင်ရေး အဆိုပြုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံက နည်းပညာအပြည့်အဝလွှဲပြောင်းပေးခြင်း၊ Source Code များကို အသုံးပြုခွင့်ပေးခြင်းနှင့် အိန္ဒိယထုတ်စနစ်များဖြစ်သော Astra ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်၊ Rudram ရေဒါဖျက်ဒုံးကျည်နှင့် Virupaksha AESA ရေဒါတို့တပ်ဆင်အသုံးပြုနိုင်ရန် ကမ်းလှမ်းချက်တွင် ဖော်ပြထားသည်။

ပြည်တွင်း၌ ထုတ်လုပ်နိုင်မှုကို ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းကြားထိ ရောက်ရှိရန် ရည်မှန်းထားသည်။ ကမ်းလှမ်းချက်တွင် ကနဦးအနေဖြင့် Su-57E ပဉ္စမမျိုးဆက် တိုက်လေယာဉ် အစင်းရေ ၂၀ မှ ၃၀ ကို သုံးနှစ်မှ လေးနှစ်အတွင်း ပေးပို့သွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်များ အစောပိုင်းတွင် နောက်ထပ်အစင်းရေ ၇၀ မှ ၁၀၀ ထိ ပြည်တွင်း၌ ထပ်မံထုတ်လုပ်ရန်လည်း ပါဝင်သည်။ ထို့ပြင် ရုရှားနိုင်ငံသည် အိန္ဒိယလေတပ်၏ တိုက်လေယာဉ်အုပ်များ အင်အားဖြည့်တင်းရန်အတွက် Su-35M တိုက်လေယာဉ် ၃၆ စင်းမှ အစင်းရေ ၄၀ ထိကို နှစ်နှစ်မှ သုံးနှစ်အတွင်း ပေးပို့သွားနိုင်ရန် အဆိုပြုထားကြောင်း သိရသည်။

**India continues talks with Russia on Su-57E Felon to introduce first stealth fighter jets into service.** ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲနိုင်ငံက လေဆာအခြေပြု အနီအောက်ရောင်ခြည်တန်ပြန်တိုက်ခိုက်ရေးစနစ်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Aselsan သည် Yildirim 100 လေဆာအခြေပြု အနီအောက်ရောင်ခြည် တန်ပြန်တိုက်ခိုက်ရေးစနစ်စမ်းသပ်မှုကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သော အဆိုပါ Yildirim 100 လေဆာအခြေပြု အနီအောက်ရောင်ခြည် တန်ပြန်တိုက်ခိုက်ရေးစနစ်သည် ဝေဟင်ပလက်ဖောင်းစနစ်များကို ဝေဟင်မှဝေဟင်ပစ်၊ ဝေဟင်မှမြေပြင်ပစ် အထူးသဖြင့် ပခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များကဲ့သို့ အနီအောက်ရောင်ခြည် ပဲ့ထိန်းဒုံးကျည်ရန်မှ တန်ပြန်ကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

"ကျွန်တော်တို့ဟာ Yildirim 100 အနီအောက်ရောင်ခြည် တန်ပြန်တိုက်ခိုက်ရေးစနစ်ရဲ့ မြင့်မားတဲ့နည်းပညာစွမ်းရည်ကို ဒုံးထိပ်ဖူးအစစ်တွေပါတဲ့ ဒုံးကျည်တွေနဲ့ အောင်မြင်စွာစမ်းသပ်ပြီး ထပ်မံအတည်ပြုနိုင်ခဲ့ပါတယ်။ အချိန်အတော်ကြာကြာ တီထွင်ထုတ်လုပ်ခဲ့တဲ့ ဒီစနစ်နဲ့ ကျွန်တော်တို့ရဲ့ လေကြောင်းပလက်ဖောင်းတွေကို ဦးတည်ပစ်ခတ်တဲ့ ဒုံးကျည်ရန်ကနေ ကာကွယ်ပေးနေပြီး သူတို့ရဲ့အသက်ရှင်ရပ်တည်နိုင်စွမ်းကိုမြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု တူကီယဲနိုင်ငံ ကာကွယ်ရေးစက်မှုလုပ်ငန်းများဆိုင်ရာ အတွင်းရေးမှူး Haluk Gorgun က X လူမှုကွန်ရက်တွင် ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Aselsan က ထုတ်လုပ်ထားသောYildirim 100 လေဆာအခြေပြု ဒုံးကျည်ကာကွယ်ရေးစနစ် တစ်နည်းအားဖြင့် အနီအောက်ရောင်ခြည် တန်ပြန်တိုက်ခိုက်ရေးစနစ်သည် အနီအောက်ရောင်ခြည်အာရုံခံစနစ်သုံး ဒုံးကျည်များကို ကာကွယ်ရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုထားကြောင်း သိရသည်။



Yildirim 100 စနစ်တွင် အဓိကအားဖြင့် တွဲလျက်တည်ဆောက်ထားသည့် တာဝါတိုင်နှစ်ခုပါဝင်သည်။ ၎င်းတာဝါတိုင်များတွင် ဒုံးကျည်ခြေရာခံယူနစ်နှင့် စွမ်းအားမြင့် လေဆာထုတ်လုပ်ရေးယူနစ်တို့ တပ်ဆင်ထားသည်။ စနစ်၏ လုပ်ဆောင်ပုံမှာ ရန်သူ့ဘက်မှ ချဉ်းကပ်လာသော အပူအာရုံခံစနစ်ပါ ဒုံးကျည်ကို ဦးတည်၍ တစ်ပြိုင်တည်းထွက်ပေါ်လာသော လေဆာရောင်ခြည်များကို ပစ်လွှတ်ခြင်းဖြင့် ဒုံးကျည်၏အာရုံခံကိရိယာကို လုပ်ဆောင်နိုင်ခြင်းမရှိစေရန် အသက်မဲ့သွားစေခြင်းဖြစ်သည်။

ထို့ပြင် ဤစနစ်တွင် အီလက်ထရွန်နစ်ထိန်းချုပ်ရေးစနစ်တစ်ခုလည်းပါဝင်ပြီး ၎င်းသည် လုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲကာ အခြားဒုံးကျည်သတိပေးစနစ်များနှင့် လွယ်ကူစွာပေါင်းစည်းချိတ်ဆက် လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ Yildirim 100 စနစ်သည် ဒုံးကျည်သတိပေးစနစ်များနှင့် မီးရှူးများကဲ့သို့သော အခြားသောကာကွယ်ရေးစနစ်များနှင့် ပေါင်းစပ်ပြီးအသုံးပြုနိုင်သည်။ ၎င်းစနစ်သည် ခရမ်းလွန်ရောင်ခြည် သို့မဟုတ် အနီအောက်ရောင်ခြည်အခြေခံသော ဒုံးကျည်သတိပေးစနစ်များနှင့်ပါ တွဲဖက်အသုံးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**Aselsan Tests Laser-Based System to Neutralize Anti-Aircraft Missiles** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ယင်းမာပင် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၈၀၆၆၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၄၂၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်း ၁၈၀၆၆၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၄၂၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ အသိပညာပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၅၀၆၄၈ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၅၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၈၅၇၆ ဧက၊ ပုလဲမြို့နယ်တွင် ၈၀၀၅၅ ဧက စုစုပေါင်း ၁၈၄၂၇၉ ဧကဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဓနိချပ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဓနိချပ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်ရှိသောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ဓနိချပ်ရေ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဓနိချပ်ရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇွန်လအတွင်း ဓနိချပ်ရေအများအပြား ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ တင်ပို့ရောင်းချခဲ့တဲ့ ဓနိချပ်တွေက အရောင်းအဝယ်ကောင်းသလို အရည်အသွေးလဲကောင်းပါတယ်။ ပြီးခဲ့တဲ့ ဇွန်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှု ကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ကိုင်သူတွေနဲ့ ဓနိထိုးလုပ်သားတွေပါ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံများက ဓနိများကို အများစုစိုက်ပျိုးကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ထိုသို့ဓနိချပ်များဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေး လုပ်ကိုင်သူများ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ရွာကြီးဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇူလိုင် ၁၂**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာကြီးဟောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရွာကြီးဟောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**




## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# အလုပ်ရှင်နှင့်အလုပ်သမားကြားက ကျင့်ဝတ်များ

လင်းလက်

**အောင်မြင်မှုသော့ချက်**

အဖွဲ့အစည်းတစ်ခုတွင် ဦးဆောင်ဦးရွက်ပြုသူနှင့် နောက်လိုက်များကြား ဆက်ဆံရေးကောင်းမွန်၍ အပြန်အလှန် ယုံကြည်မှုကိုတည်ဆောက်ထားနိုင်ရန်လိုသည်။ ယုံကြည်မှုခိုင်မြဲ၍ အပြန်အလှန်အကျိုးပြုခြင်းဖြင့် ထိုအဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ၏စွမ်းဆောင်ရည်များ တိုးတက်ကောင်းမွန်လာပြီး အဖွဲ့အစည်း၏အောင်မြင်မှုကို လွယ်လင့်တကူ ရယူနိုင်မည်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခု၏ အောင်မြင်မှုသည် ၎င်းအဖွဲ့အစည်းအတွင်းမှ ပါဝင်ပတ်သက်သူအားလုံး၏ ကြိုးစားအားထုတ်မှုပေါ်တွင်မူတည်သဖြင့် ဦးဆောင်ဦးရွက်ပြုသူအနေဖြင့်လည်း မေတ္တာတရားဖြင့် စီမံခန့်ခွဲတတ်ရန်လိုအပ်သကဲ့သို့ နောက်လိုက်များအနေဖြင့်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။

အဖွဲ့အစည်းများနည်းတူ စီးပွားရေးလုပ်ငန်းများတွင် အလုပ်ရှင်နှင့်ဝန်ထမ်းများကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ထားနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့ကြားက ဆက်ဆံရေးသည် အလွန်အရေးကြီးသည်။ စီးပွားရေးလုပ်ငန်းတို့သည် အလုပ်သမားတို့၏ စွမ်းပကားဖြင့်ရရှိသော အောင်မြင်မှုနှင့် အသီးအပွင့်များပေါ်တွင်မူတည်၍ အောင်မြင်ခြင်းနှင့် ကျဆုံးခြင်းတို့က ဖြစ်ပေါ်ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ အလုပ်ရှင်နှင့်အလုပ်သမားဆိုသည်မှာ အပြန်အလှန်မှီခိုကာ ဘဝရပ်တည်မှုကို ပုံဖော်နေရသူများသာဖြစ်သည်။

**ကျင့်ဝတ်**

စီးပွားရေးလုပ်ငန်းများ၏ အဓိကရည်မှန်းချက်သည် အမြတ်အစွန်းရရှိရေးဟု ယေဘုယျအားဖြင့် သတ်မှတ်ကြသည်။ အောင်မြင်တိုးတက်သည့် စီးပွားရေးလုပ်ငန်းဆိုသည်မှာ အမြတ်အစွန်းရရှိရေးတစ်ခုတည်းကိုသာ ဦးမတည်ဘဲ အဖွဲ့အစည်းအတွင်းရှိဝန်ထမ်းများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကအစပြု၍ လူမှုပတ်ဝန်းကျင်တစ်ခုလုံးကို အကျိုးပြုရမည်ဖြစ်သည်။ ထိုကဲ့သို့ အကျိုးပြုခြင်းသည် လူမှုပတ်ဝန်းကျင်အတွင်း စီးပွားရေးလုပ်ငန်းရှင်(အလုပ်ရှင်)များ လိုက်နာရမည့်ကျင့်ဝတ်များအနက် တစ်ခုပင်ဖြစ်သည်။ အလုပ်ရှင်တစ်ဦးအနေဖြင့် မိမိလုပ်ငန်းအတွင်းရှိအလုပ်သမားအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ မိသားစုရေးမှ အစပြုသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားရမည်ဖြစ်သည်။ အလုပ်သမားဆိုသူများသည် မိမိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အမြတ်အစွန်းရရှိရေးကို ဖန်တီးပုံဖော်ပေးရမည်ဖြစ်သည်။

မည်သည့်အလုပ်တွင် လုပ်ရသည်ဖြစ်စေ မိမိလုပ်သည့်အလုပ်အပေါ် တန်ဖိုးထားပြီး ထိုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ကြိုးစားအားထုတ်မှုနှင့် အကြံဉာဏ်များကို ရှာဖွေရမည်က အလုပ်သမားများ၏ တာဝန်ပင်ဖြစ်သည်။ ထို့ပြင် အလုပ်ရှင်ဆိုသည်မှာ မိမိကိုငွေပေး၍ ခိုင်းစေသောသူဟုမသတ်မှတ်ဘဲ မိမိဘဝအတွက် အသက်မွေးဝမ်းကျောင်းအလုပ်ကို ဖန်တီးပေးသူ၊ စားဝတ်နေရေး အဆင်ပြေစေရန် ဖြေရှင်းပေးနေသည့် ငွေကြေးပံ့ပိုးပေးသူအဖြစ် သတ်မှတ်ရမည်ဖြစ်သည်။ အပြန်အလှန်အကျိုးကျေးဇူးပြုနေသည့် အလုပ်ရှင်နှင့် အလုပ်သမားတို့သည် မိမိတို့၏ ကိုယ်စီဆောင်ရွက်ရမည့်တာဝန်နှင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကိုလိုက်နာခြင်းဖြင့် ပျော်ရွှင်အောင်မြင်သော စီးပွားလုပ်ငန်းနယ်ပယ်များကို ဖန်တီးနိုင်မည်ဖြစ်သည်။

**❖အဖွဲ့အစည်းများနည်းတူ စီးပွားရေးလုပ်ငန်းများတွင် အလုပ်ရှင်နှင့် ဝန်ထမ်းများကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်ထားနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ငန်းများတွင် အလုပ်ရှင်နှင့်အလုပ်သမားတို့ကြားက ဆက်ဆံရေးသည် အလွန်အရေးကြီးသည်။ စီးပွားရေးလုပ်ငန်းတို့သည် အလုပ်သမားတို့၏ စွမ်းပကားဖြင့်ရရှိသော အောင်မြင်မှုနှင့် အသီးအပွင့်များပေါ်တွင် မူတည်၍ အောင်မြင်ခြင်းနှင့် ကျဆုံးခြင်းတို့က ဖြစ်ပေါ်ရခြင်းဖြစ်သည်။ သို့ဖြစ်ရာ အလုပ်ရှင်နှင့်အလုပ်သမားဆိုသည်မှာ အပြန်အလှန် မှီခိုကာ ဘဝရပ်တည်မှုကို ပုံဖော်နေရသူများသာဖြစ်သည်။ ❖**

**တာဝန်ကျေဖို့က အဓိက**

ဘဝကံအကျိုးပေးများကလည်း မတူညီကြသဖြင့် ကိုယ်ပိုင်လုပ်ငန်းကိုထူထောင်နိုင်ပြီး အလုပ်ရှင်ဘဝကို ခံယူရသည့်လူငယ်များလည်းရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အကြောင်းအမျိုးမျိုးကြောင့် သူတစ်ပါး၏ အလုပ်သမားဘဝဖြင့် အလုပ်လုပ်နေရသည့်လူငယ်များလည်းရှိသည်။ အလုပ်ရှင်နှင့်အလုပ်သမားဆိုသည်မှာ သဘောတရားအရသာ ကွဲပြားနေခြင်းဖြစ်ပြီး အပြန်အလှန်မှီခိုနေကြရသူများသာဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို အလုပ်သမားတို့၏လုပ်အားဖြင့် ရရှိလာသောဝင်ငွေများအပေါ်တွင် လုပ်ငန်းလည်ပတ်ကာ ဆက်လက်ရှင်သန်နေရခြင်းသာဖြစ်သည်။ အလုပ်ရှင်ဘဝ ရောက်နေသဖြင့် မာနတံခွန်ထူနေရန်မလိုသကဲ့သို့ အလုပ်သမားဘဝရောက်နေရသဖြင့် စိတ်ပျက်အားငယ်နေရန်လည်း မလိုပေ။

အလုပ်ရှင်အနေဖြင့် မိမိကို နေ့စဉ်ဝင်ငွေရှာဖွေပေးနေသည့်အလုပ်သမားများကို တန်ဖိုးထားတတ်ရန်လိုသကဲ့သို့ အလုပ်သမားဆိုသည့်နေရာတွင် ရောက်ရှိနေသူများကလည်း မိမိအလုပ်အပေါ် တန်ဖိုးထားကြိုးစားကြရန်လိုသည်။ ဆူကြုံနိမ့်မြင့် သဘောတရားများပြည့်နှက်နေသည့် လူ့ဘဝခရီးလမ်း၌ လျှောက်လှမ်းကြသည့်အခိုက်တွင် အလုပ်ရှင်ဘဝရရှိသကဲ့သို့ ဘဝကံအကျိုးပေးနှင့် ကံဇာတာ မကောင်းသည့်အခိုက်တွင် အလုပ်သမားဘဝလည်း ရောက်တတ်သည်။ မည်သည့်ဘဝ၊ မည်သည့်အခြေအနေဖြစ်စေကာမူ မိမိတာဝန် မိမိကျေပွန်၍ ရိုးသားစွာဖြင့် မှန်ကန်တည့်မတ်စွာ ကြိုးစားကြရန်လိုသည်။

**အလုပ်ရှင်ကျင့်ဝတ် ငါးပါး**

မြတ်စွာဘုရားရှင်က သိင်္ဂါလသုတ်တွင် သိင်္ဂါလသတို့သားကို လူ့ဝိနည်းကျင့်ဝတ်များ ဟောကြားခဲ့သည်။ ဘဝကံအကျိုးပေးအရ အလုပ်ရှင်ဘဝဖြင့် စီးပွားရေးလုပ်ငန်းများကို ဦးဆောင်နေရသူများအနေဖြင့် အစဉ်ထာဝရလိုက်နာရမည့် ကျင့်ဝတ်ငါးပါးကို ဟောကြားခဲ့သည်။ လူ့ဘဝတွင် ထိုကျင့်ဝတ်များကို အစဉ်အလေးထားထိန်းသိမ်းကြသည့် အလုပ်ရှင်များအနေဖြင့် စီးပွားဥစ္စာများအစဉ်တိုးပွားပြီး ချမ်းသာပျော်ရွှင်သောဘဝကို ဖန်တီးပုံဖော်နိုင်မည်ဖြစ်သည်။ ထိုကျင့်ဝတ်ငါးပါးသည် အလုပ်ရှင်များ လွယ်လင့်တကူလိုက်ပါဆောင်ရွက်နိုင်သည့် ကျင့်ဝတ်များပင်ဖြစ်သည်။

အလုပ်ရှင်တို့အနေဖြင့် အလုပ်သမားတို့ အပေါ်တွင် "ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်းဖြင့်လည်းကောင်း၊ ထမင်းရိက္ခာပေးခြင်းဖြင့်လည်းကောင်း၊ မကျန်းမာသောအခါ ပြုစုပေးခြင်းဖြင့်လည်းကောင်း၊ ထူးဆန်းသောစားဖွယ်အရသာများကို ခွဲဝေပေးခြင်းဖြင့်လည်းကောင်း၊ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်းဖြင့်လည်းကောင်း" ပြုစုအပ်ကုန်သည်ဟု ဟောကြားခဲ့သည်။ ယနေ့ခေတ်တွင်လည်း အလုပ်ရှင်များအနေဖြင့် "ထိုက်သင့်သည့် လုပ်ခလစာပေးခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကူညီဆောင်ရွက်ပေးခြင်း၊ အားလပ်ရက်များပေးခြင်း၊ ထိုက်သင့်သည့်နေရာနှင့် စားသောက်ရေးတို့ကို စီစဉ်ပေးခြင်း၊ မျှတသည့်အလုပ်ချိန်တို့ကို သတ်မှတ်ပေးခြင်း"စသည့်ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်သည်။

**အလုပ်သမားကျင့်ဝတ် ငါးပါး**

အလုပ်ရှင်များဘက်မှ သတ်မှတ်ထားသည့် စည်းမျဉ်းဥပဒေများ ကျင့်ဝတ်များနှင့်အညီ ဖန်တီးပုံဖော်ပေးရမည့် လုပ်ငန်းပတ်ဝန်းကျင်ကို ဖန်တီးပေးရမည့်တာဝန်ရှိသည်။ အလုပ်သမားများအနေဖြင့်လည်း မိမိတို့လုပ်ကိုင်သော လုပ်ငန်းတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင်က အလုပ်ရှင်တို့အနေဖြင့် ကျင့်ဝတ်တရားငါးပါးဖြင့် အလုပ်သမားတို့အပေါ် ပြုစုစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ အလုပ်သမားတို့ကလည်း "အရှင်ထက်ရှေးဦးစွာ အိပ်ရာမှထခြင်း၊ အရှင်အိပ်သည်မှနောက်၌ အိပ်လေ့ရှိခြင်း၊ ပေးသည်ကိုသာ ယူလေ့ရှိခြင်း (ခိုးဝှက်မှုမရှိခြင်း)၊ အမှုကိစ္စကို ကောင်းစွာပြုလုပ်ခြင်း၊ အရှင်၏ ဂုဏ်သတင်းကိုဆောင်ခြင်း"စသည့် ကျင့်ဝတ်ငါးပါးကို အလေးထားရမည်ဟု ဟောကြားခဲ့သည်။ အလုပ်သမားများအနေဖြင့် "အလုပ်ချိန်အတွင်း လုပ်ငန်းတာဝန်တို့ကိုထမ်းဆောင်ရာ၌ စိတ်ပါဝင်စားမှုအားနည်းခြင်း၊ အားသွန်ခွန်စိုက်ကြိုးစားမှုမရှိခြင်း၊ အလုပ်ရှင်အပေါ် ရိုသေလေးစားမှုမရှိခြင်း၊ အချင်းချင်း အပြန်အလှန်နားလည်မှုမရှိခြင်း"စသည်တို့ကို ဆောင်ရွက်မိမည်ဆိုပါက ထိုလုပ်ငန်းခွင်သည် အောင်မြင်မှုနှင့် အလှမ်းကွာဝေးသွားမည်သာဖြစ်သည်။

**အကျိုးကျေးဇူးရရှိရေး**

လူအချင်းချင်းဆက်ဆံရေးတွင် အပြန်အလှန်ယုံကြည်မှုသည် အလွန်အရေးကြီးသည်။ ယုံကြည်မှုပျောက်ဆုံးသွားပြီး စည်းလုံးညီညွတ်မှုပျက်စီးသွားသည့်ဝန်းကျင်သည် အောင်မြင်မှုထက် ကျဆုံးမှုကိုသာဖြစ်စေသည်။ အလုပ်ရှင်၊ အလုပ်သမားကြား ဆက်ဆံရေးတင်းမာသွားပြီး အလုပ်သဘောဆန့်လွန်းသွားသည့်အခါ "လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းသွားခြင်း၊ လုပ်ငန်းခွင်ပျော်ရွှင်မှုပျောက်ဆုံးသွားခြင်း၊ ပဋိပက္ခများတိုးပွားလာခြင်း၊ ဂုဏ်သိက္ခာကျဆင်းခြင်း၊ ဝန်ထမ်းအချင်းချင်းကြား စည်းလုံးညီညွတ်မှုပျောက်ဆုံးသွားခြင်း"စသည့် ဆိုးကျိုးများဖြစ်ပေါ်လာမည်ဖြစ်သည်။

အလုပ်ရှင်နှင့် အလုပ်သမားကြား အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ထားခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။ ကိုယ်စီလိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ စည်းကမ်းများကို လိုက်နာမည်ဆိုပါက "သာယာပျော်ရွှင်သည့် လုပ်ငန်းခွင်ကို ဖန်တီးပေးနိုင်ခြင်း၊ လုပ်ငန်းအပေါ် တန်ဖိုးထားမှုနှင့် စိတ်ကျေနပ်မှုများ တိုးပွားလာခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခြင်း၊ ရလဒ်များ ပိုမိုကောင်းမွန်လာခြင်း၊ လုပ်ငန်း၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာပိုမိုတိုးတက်လာခြင်း၊ အခြားလုပ်ငန်းများမှ ယုံကြည်မှုရရှိလာခြင်း"စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည့်အခါ စီးပွားရေးလုပ်ငန်းရှင် (အလုပ်ရှင်)နှင့် ဝန်ထမ်း(အလုပ်သမား) နှစ်ဦးနှစ်ဖက်စလုံး အသီးအပွင့်ကို ရရှိမည်သာဖြစ်သည်။

**ဘဝအောင်မြင်မှုကို ရယူနိုင်ဖို့**

သို့ဖြစ်ရာ အလုပ်ရှင်တို့အနေဖြင့် "ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငွေဝေရသာ၊ အခါကိုလွှတ်" ဆိုသည့်ကျင့်ဝတ်ငါးပါးကို စောင့်ထိန်းရန်လိုအပ်သကဲ့သို့ အလုပ်သမားတို့အနေဖြင့်လည်း "အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်"ဆိုသည့် ကျင့်ဝတ်ငါးပါးကို စောင့်ထိန်းခြင်းဖြင့် မျှတပျော်ရွှင်သောစီးပွားရေးလုပ်ငန်းနယ်ပယ်များဖြစ်ပေါ်လာမည်သာဖြစ်သည်။ လုပ်ငန်းခွင်ဝင်ကြမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားကျင့်ဝတ်များကို နားလည်လက်ခံထားခြင်းဖြင့် ဘဝခရီးလမ်းကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

**- ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန။**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကလျာ

# လေပြည်နမ်းတော့ ပန်းရှက်တယ်ရှင့်

မောင်ခြိမ့်



( ၁ )

"မြသားငယ်တဲ့ ရေယမုန် x x x ငွေလှိုင်းတွေ ဖြူစွာနှင့် x x x မြစ်ရော နဒီကြောမှာကွယ် x x x မျော မျောကြပါတဲ့ ဒိုက်ပုံ x x x"

စုန်ဆင်းလာသော ကွန်လှေကလေးတစ်စင်းပေါ်မှ ဆွဲဆွဲငင်ငင် သံနေသံထားနှင့် ဟစ်ကြွေးသံသည် မြစ်ပြင်ကျယ်ကြီးကို အလျားလိုက်ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ကလေးနှင့်အတူ လွင့်မျှော၍ ပါလာသည်။

ညနေစောင်း ရွှေအိုရောင်နေခြည်တို့ ပက်ဖျန်းထားသော မြစ်ရေပြင်ဝယ် ဗေဒါအုပ်များ၊ ဒိုက်သရောများက ဟိုတစ်စု သည်တစ်စု မျောပါလာနေကြသည်။

ကြာကန်ရွာကလေးကို ကျော်ဖြတ်လိုက်သည်နှင့် တစ်တောင်ဆစ်ချိုး မြစ်ကွေ့ကြီးကိုတန်း၍ ရောက်လာတော့သည်။ ဆယ်တောင်တို ဝမ်းဗိုက်ကျယ်ကျယ် လှေကလေးမို့ လှော်လိုက်တိုင်း ရိပ်ခနဲ၊ ရိပ်ခနဲ ပြေးသည်မဟုတ်။ အားနှင့်ကြိတ်၍ တက်ကို လေလုံးကွဲအောင် လှော်နိုင်ပါမှ မှန်မှန်သာ ပြေးလေ၏။

လှေသွားရန်ထက် ဝန်တင်နိုင်ဖို့ ရည်ရွယ်ကာ အလျားဆယ်တောင်မှာ ဝမ်းဗိုက်အကျယ် နှစ်တောင့်တစ်ထွာထား၍ စပ်ထားသည် ဖြစ်လေရာ အဝေးက လှမ်းကြည့်လျှင် လှေပုတိုကလေးဖြစ်၏။

လူတိုလျှင် အပေါင်းခက်၊ လှေတိုလျှင် အလှော်ခက်ဟူသော စကားအတိုင်း ပွဲကိုင်ရခက်လေသည်။ ထိုလှေပုတိုကလေးကိုပင် ရှေ့တစ်ယောက် နောက်တစ်ယောက်ထိုင်၍ အားနှင့်လှော်လေလေ လှေက ရေထဲဝပ်ကာ တုံ့ဆွဲလေလေနှင့် ခရီးက မတွင်လှ။

ဘာပဲဖြစ်ဖြစ် သည်လှေကလေးနှင့် လုပ်စားလာခဲ့သည်မှာ အမေတို့လက်ထက်ကတည်းကဆိုတော့ ဝိုင်းစိန်မအသက်ထက် ကြီးလေသည်။ အဖေက ပိုက်သမား၊ အမေက ငါးစိမ်းသည်။ သည်ပုတ်ထဲက ပဲတစ်စေ့သာဖြစ်သော ဝိုင်းစိန်မကလည်း ဘာမို့လဲ။ အမေက မီးယပ်သွေးဆုံးကိုင်ပြီး အိပ်ရာထဲလဲတော့ ခြောက်တန်းနှင့် ကျောင်းထွက်လိုက်ရကာ ချိန်ခွင်ကိုင် ငါးဗန်းရွက်ခဲ့ရသည်မှာ ဘာမှထူးဆန်းလှသည်တော့ မဟုတ်။

ငါးစိမ်းသည်သက်တမ်း ခြောက်နှစ်ကျော်လေသောအခါ ဝိုင်းစိန်မ၏အသက် ၁၉ နှစ်ကျော်ကာ ၂၀ ထဲသို့ ရောက်ခဲ့ပြီ။

မြို့ပြမှာဆိုလျှင်တော့ ထိုအရွယ်သည် ပညာသင်တုန်း သင်ဆဲကာလဖြစ်မည် မှန်သော်ငြား သူတို့တောဓလေ့ တောသဘာဝအရမှာတော့ ထိုအရွယ်သည် အိမ်ထောင်ပြုသင့်သော အရွယ်ဖြစ်တော့၏။

ထို့ကြောင့်ပင် ၁၆ နှစ်မကလေးတွေက အစ်မကြီးအစ်မကြီးနှင့် အပျိုကြီးစာရင်း အတင်းသွင်းလေတော့၏။ တကယ်တော့ ဝိုင်းစိန်မအပျိုကြီး မဖြစ်ချင်ပါ။ ရှိရှိသမျှ အပျိုကြီးမှန်သမျှ မေးကြည့်ကြစမ်းပါ။ မှန်မှန်ကန်ကန်သာ ဖြေကြမည်ဆိုလျှင် အပျိုကြီးဖြစ်ချင်သူတစ်ယောက်မှ ရှိမည်မထင်။ အခြေအနေအကြောင်းကြောင်းတွေကြောင့်သာ အပျိုကြီးဖြစ်နေခြင်းက အမှန်ပင်။

ဝိုင်းစိန်မလည်း ထို့အတူပါ။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းလုပ်ကိုင် ကျွေးမည့်သူလည်းဖြစ်၊ ကိုယ်ကလည်း နှစ်သက် သဘောကျနိုင်မည့်သူလည်း ဖြစ်သည်ဆိုလျှင်တော့ ယူလိုက်ချင် သေးတာပခုချက်ချင်း။

မြို့မှာတော့ ဘယ်လိုဖြစ်၍ ဘယ်လိုနေကြသည်ကို ကိုယ်နှင့်အလှမ်းကွာဝေးလှ၍ ဝိုင်းစိန်မ မသိ၊ သူတို့တောမှာတော့ ယောကျ်ားတွေ အချိုးပြောင်းကုန်ကြပြီ။

ဣတ္ထိရူပံခနံ ဟူသောစကားသည် ဟိုးနောက်ခပ်ဝေးဝေးမှာ ကျန်ခဲ့ပြီ။ မိန်းမတစ်ယောက်ရုပ်ကလေးလှရုံနှင့် မပြည့်စုံတော့။ မိဘကလည်း အရေးကြီးသေး၏။ ဘယ်သူ့သမီးလဲ၊ သူ့အဖေက ဘာလုပ်သလဲ၊ လယ်ယာချောင်းမြောင်းရော ရှိရဲ့လား စတာတွေကလည်း အရေးကြီးပါသေး၏။

အင်းသူကြီးသမီးတို့၊ ပွဲထောင်ပိုင်ရှင် သမီးတို့ဆိုလျှင်တော့ ဆိုစရာမရှိ။ အသံချဲ့စက်ပိုင်ရှင် သမီးဆိုလျှင်တော့ ပြောမနေနှင့်။ လိုချင်သူတွေများလှ၏။

ဝိုင်းစိန်မတို့ကတော့ ရုပ်က အလှကြီးမဟုတ်သော်ငြား အသားကလေး ညိုညိုစိုစိုနှင့် မိန်းမပီသသော အဆက်အပေါက်နှင့် ရွာလယ်လမ်းမတွင် ဝိုင်းစိန်မလမ်းလျှောက်သွားလျှင် ကာလသားတွေ မပြောနှင့်။ ဥပုသ်ဇရပ်ကပြန်လာသော ဦးကြီးအရွယ်တွေကပင် လည်ပင်းစောင်းအောင် ငေးရသည့် တောပန်းကလေး တစ်ပွင့်လည်း ဖြစ်သည်။

သို့သော် အဖေက ပိုက်သမားအိုကြီး၊ အမေက မီးယပ်သွေးဆုံးနှင့် အိပ်ရာထဲပက်လက်၊ သူ့အောက်မှာ မောင်ငယ်၊ ညီမငယ်တွေက သုံးယောက်ဆိုတော့ ကြီးမားလှသည့် သည်တာဝန်ကြီးကို ဝင်ထမ်းမည့်သူက အရှားသား မဟုတ်လား။ ခူးပြီးခပ်ပြီး နူးပြီးနပ်ပြီး အသင့်စားရုံ ထမင်းဝိုင်းလောက် ဘယ်သူကမှ စိတ်မဝင်စား။ ပြည်ပန်းညိုကလေးကတော့ ချိုရှာပါ၏။ သို့သော်... ။

( ၂ )

မနေ့တုန်းက ကျုံကမာဘက်က ချုံတွေဖော်မတဲ့ ဟူသော သတင်းစကားကို မစိန်သောင်းတစ်ယောက် ဘယ်ကနေဘယ်လို ကြားလာသည် မသိ။ ဖော်မည့်ချုံတွေကလည်း အများကြီး။ လေး၊ ငါးခြောက်ချုံလောက် ရှိမတဲ့။ ကျုံကမာဘက်က ငါး အထိအမိကောင်းလှ၏။ အင်းချောင်းတွေဆိုလျှင်လည်း အခြားဒေသတွေထက် ပက်ပက်စက်စက် အထွက်ကောင်း၏။ ငါးကြီး၊ ငါးကောင်း၊ ငါးသန့်တွေများ၏။ သို့အတွက် ဖောက်သည်တွေက အလုအယက်။

မက်မည်ဆိုလည်း မက်လောက်၏။ ငါးဖယ်ခုံးချင်း ယှဉ်မလား။ ငါးပြေမချင်း ယှဉ်မလား။ ငါးရံ့ချင်း ယှဉ်မလား။ လာမစမ်းနှင့်။ ခံသွားရမည်။ ထို့ကြောင့် ထိုချုံတွေက ထွက်လာမည့် ငါးတွေ၊ ပုစွန်တွေ အားလုံးကိုသာ တစ်ဦးတည်းဖောက်သည် ရခဲ့လျှင် မက်လောက်သော ငွေကြေးအမြတ်အစွန်းက ကျိန်းသေ။

ဒါတွေကို သိသော မစိန်သောင်းတို့က ချုံပိုင်ရှင် ဘယ်သူလဲ၊ ချုံပိုင်ရှင်ဟာ ငါးဒိုင်၊ ပုစွန်ဒိုင်တွေနှင့် ငွေကြေး အနှောင်အဖွဲ့ ရှိသူလား၊ မရှိဘူးဆိုလျှင် ထိုချုံပိုင်ရှင်ကို ဘယ်သူက အညှာကိုင်နိုင်သလဲဆိုတာ စုံစမ်းတော့၏။ အညှာကိုရှာသော် ဝိုင်းစိန်မကို မြင်လေ၏။ ဟုတ်သည် အညှာကိုကိုင်၍လှုပ်သော် အသီးမကြွေ ခံနိုင်မည်လော။

တကယ်တမ်း ပြောရမည်ဆိုလျှင်တော့ မစိန်သောင်းတို့နှင့် ဝိုင်းစိန်မ တန်းမတူကြပါ။ မစိန်သောင်းတို့ မညိုမြတို့ မစိုးတင့်တို့ဆိုတာ သူတို့ရွာတစ်ကြောမှာတော့ ဇော်တွေပ၊ ခေါင်တွေပ။ အရင်းအနှီးများများ ဆုပ်ကိုင်ထားနိုင်လေသဖြင့် အင်းလောက၊ ငါးကန်လောကတွင် ပြိုင်စံရှားတွေပေပ။

ငါးစျေး၊ ပုစွန်စျေးတွေကလည်း သိကြသည့်အတိုင်း ကောင်းကင်လေ မိနေသည့် လေတံခွန်တွေကဲ့သို့ မြေပြင်ပေါ် ပြန်မကျစတမ်း တလူလူတလွင့်လွင့် မြင့်ချင်တိုင်းမြင့်နေသည် မဟုတ်လား။ သည်တော့ ခေါင်းတစ်ရွက်စာ၊ လင်ပန်းတစ်ချပ်စာ အရင်းအနှီးသည်ပင် အံ့သြဖို့ပင် ကောင်းသေး။ သောင်းဂဏန်းက ပြေးမလွတ်ပါလား။

ထိုအခါ ဇလုံပက်ကလေး၊ လင်ပန်းစုတ်ကလေး တစ်နိုင်စာ ရောင်းနိုင်ဖို့ အရင်းအနှီးသည် ခေါင်းရွက်ဗျပ်ထိုးသမားကလေးတွေအတွက် မဟာတာဝန်ကြီးပါပင်။

ဝိုင်းစိန်မသည် ဟောဒီ သရွတ်သွတ်နှင့် ဝါးခယ်မမြစ်တစ်ကြောရှိ အင်းအိုင်၊ ချောင်းမြောင်း၊ ရိုးချောင်းတမံမကျန် ဗဝန်းပိတ်၊ ဒိုင်းဝန်ခပ်၊ ပိုက်ချ၊ ချုံဖော်၊ ငါးမျှားတံချ၊ ကွန်ပစ်၍ ရလာသမျှ ငါး၊ ပုစွန်တို့ကို လက်ငင်းဝယ်တန်တာဝယ်၊ ရင်းနှီးသူများဆိုလျှင် ခေါက်ပြန်ကြေးယူ၍ မြို့ကစျေးကလေးမှာ လက်လီရောင်းချပြီး ဝမ်းစာရှာနေရသူ ဖြစ်လေရကား။ ယခုကဲ့သို့ မစိန်သောင်းပြောသော ချုံကြီးလေး၊ ငါးခြောက်ချုံဖော်၍ ရလာသမျှသော ငါး၊ ပုစွန်တို့ကို အဘယ်သို့ လက်လွှဲငွေချေ ဝယ်ယူနိုင်ပါမည်နည်း။

မစိန်သောင်းတို့ကဲ့သို့ လက်ကြီးသမားလည်လည်ဝယ်ဝယ်ရှိသူများက တစ်နေ့ရာဂဏန်း၊ ထောင်ဂဏန်းလောက်ဆို စိတ်မဝင်စား။ ထောင်ကြီးဂဏန်း၊ သောင်းဂဏန်းလောက်သာ စိတ်ဝင်စားသူတွေဖြစ်၏။ ထို့ကြောင့် ယခုကိစ္စကို လက်လွှတ်မခံနိုင်။

သို့သော် ဝိုင်းစိန်မကို အရာသွင်းပြီး စပ်တူထက်ဝက်စားပေးကာ ခေါ်လာရသည်မှာ ဘာအတွက်နည်း။ ဒါကို ဝိုင်းစိန်မ သဘောမပေါက်။ သို့သော် ချုံပိုင်ရှင်က ကိုအောင်ပွင့်ဟု သိလိုက်ရချိန်မှာတော့ ခပ်ရေးရေး သိလာခဲ့ရပြီ။ ကိုအောင်ပွင့်သည် ဝိုင်းစိန်မ၏ အချစ်ပန်းကို ဆွတ်လှမ်းနမ်းကြူရန် ကြိုးစားနေသော ကြာကန်ရွာအထက် ကျုံကမာရွာမှ လယ်သမား၊ ချောင်းသမား လူပျိုသိုးကြီး။

ညီမငယ်ကလေးနှင့် အမေမုဆိုးမကြီးကို ရိုးရိုးသားသား ရှာဖွေကျွေးမွေးနေသူလည်း ဖြစ်၏။ လယ်ကေ နှစ်ဆယ်ခန့်ကို သူရင်းငှားနှစ်ယောက်နှင့် ဖိဖိစီးစီး လုပ်ကိုင်နေသူဖြစ်ပြီး သူတို့ မြစ်ရိုးတစ်လျှောက် ချုံပေါင်း ဆယ့်လေးငါးချုံ ချထားသော နှစ်ရေသုံးရေတစ်ခါ ချုံဖော်၍ ဝင်ငွေကောင်းနေသူလည်း ဖြစ်၏။ ကိုအောင်ပွင့်သာ ချုံတွေဖော်မှာ အမှန်ဆိုလျှင် ဝိုင်းစိန်မ ငွေအရင်းအနှီးအတွက် ပူစရာမလို။ ခေါက်ပြန်ကြေးပေး၍ ယူရောင်းရုံသာ မဟုတ်လော။

သို့သော် ခက်တာတစ်ခုက ချုံက တစ်ချုံတည်းဖော်မှာ မဟုတ်တော့ စဉ်းစားစရာပင်။ ယခင့်ယခင်တုန်းကတော့ ချုံတစ်ချုံဖော်ပြီး ရလာသမျှ ခတ်လှေပေါ်တင်၍ ကိုယ်တိုင်ခတ်လာပြီး ဝါးခယ်မ စျေးသို့အလာ လမ်းခုလက်တွင်စောင့်ကာ စျေးကောက်လှေ့ရှိသော ဝိုင်းစိန်မထံ ချိန်တွယ်ပေးပြီး ပြန်လှေ့ရှိမြဲဖြစ်၏။

ချုံတစ်ချုံဖော်၍ ရလာသော ငါး၊ ပုစွန်ဆိုသည်မှာ မိလာသော ဆတ်ထုပ်၊ ဘေးကျား၊ ငါးဖယ်အောင်း၊ ငါးနုသန်း၊ ငါးသစ်တုံး၊ ငါးမြွေထိုး၊ ငါးမြွေကျားတို့ကို လိုက်၍ နှစ်သောင်းသုံးသောင်းဖိုးထိ ရှိတတ်သည်။ ထိုမျှငွေကိုပင် အပြည့်အဝ မချေနိုင်သော ဝိုင်းစိန်မက ရောင်းပြီးချပြီး နောက်တစ်နေ့မှငွေချေနိုင်ပါ၏။ ကိုအောင်ပွင့်ကလည်း ယုံကြည်လက်ခံမြဲ ဖြစ်ပါ၏။

ယခုတော့ ဖော်မည့်ချုံက တစ်ချုံတည်းမဟုတ်။ သိန်းဂဏန်းအထက်မှာ ရှိလိမ့်မည်ဖြစ်သော ထိုငါး၊ ပုစွန်တို့၏တန်ဖိုးကို ဝိုင်းစိန်မ တာဝန်မယူနိုင်ပါ၊ မယူရဲပါ။

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် မိုးကြိုပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၁ ဒသမ ၉၆ တင်း ထွက်ရှိ



**ရေဦး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်း ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးကြိုကာလ၌ မိုးကြိုပဲတီစိမ်း ၁၂၆၂၂ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၉၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဒီပဲယင်းမြို့နယ်မှာ မိုးကြိုပဲတီစိမ်း ၁၂၆၂၂ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပသို့ပို့ကုန်အဖြစ်တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ (အပြားကြီး)များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ဈေးကွက်၌ ဇူလိုင်လပထမပတ်မှ ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး) များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ (အပြားကြီး)များ တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ (အပြားကြီး)တွေက အရောင်းအဝယ် ပိုကောင်းနေပါတယ်။ ဇူလိုင်လပထမပတ်က စတင် အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းဈေးကွက်က ဝယ်ယူမှုကောင်းလာလို့ အရောင်းအဝယ် ကောင်းနေပါတယ်''ဟု ဟသ်ာတမြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အရောင်းအဝယ် ကောင်းနေသည့် ထောပတ်ပဲနီ (အပြားကြီး) ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၆၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ ထောပတ်ပဲနီ (အပြားကြီး)များ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ကိုအောင်ပွင့်က ပေးသည်ထား၊ ယုံသည်ထား၊ သည်လောက်ထိတော့ အခွင့်အရေးမယူသင့် မယူကောင်းဟု ဝိုင်းစိန်မ ခံယူထားပါ၏။ အပျိုမတစ်ယောက်၏ ဂုဏ်သိက္ခာက ရှိသေးသည် မဟုတ်လော။ ထိုအခါ မစိန်သောင်းက ငွေကြေးကိစ္စ သူ့တာဝန်၊ ဝိုင်းစိန်မက ကိုအောင်ပွင့်၏ ကုန်တွေရအောင် တာဝန်ယူ၊ အမြတ်က တစ်ယောက်တစ်ဝက်ဟု ကမ်းလှမ်းလာလေသောအခါ မက်လောက်စရာပါပေ။

( ၃ )

ဗလကောင်းကောင်း၊ ဂင်တိုတို အသားညိုညိုနှင့် ကိုအောင်ပွင့်သည် တကယ်တော့ အရုပ်ဆိုးသည့်စာရင်းထဲတွင် သွင်းသော်ရ၏။ ပြီးလျှင် အသက်ကသုံးဆယ်နည်းနည်းကျော်လိမ့်မည်။ ထို့ကြောင့်လည်း ကိုအောင်ပွင့်ကို လက်တွဲရန် ဝိုင်းစိန်မ နောက်တွန့်နေခြင်း မဟုတ်လား။

တကယ်တော့ ဝိုင်းစိန်မတို့အရွယ်သည် သစ်ရွက်လှုပ်တာကိုပင် ရယ်ချင်သည့်အရွယ် မဟုတ်သော်လည်း စိတ်ကူးတော့ ယဉ်ချင်ပါသေး၏။

ငွေသဇင်ပွင့် မဟုတ်သော်ငြား ပင်မြင့်မှာတော့ နေရာယူချင်ပါသေး၏။ သူနှင့် ကိုအောင်ပွင့်တို့အကြောင်း ရိပ်ဖမ်းသံဖမ်းနှင့် အကဲခတ်မိသော မစိန်သောင်းတို့ ၊ မညိုမြတို့၊ မစိုးတင့်တို့ကတော့–

"ဝိုင်းစိန်မနော် စိတ်ကူးမလွဲနဲ့၊ ရုပ်ချောတာက ဖွဲ့စားလို့ မရဘူး သိရဲ့လား။ ညည်းမှာ ဘာကျောထောက်နောက်ခံ သောင်သောင်သာသာ ရှိလို့လဲ"

"ဟိုက လယ်နဲ့ချောင်းနဲ့ အိမ်ကြီးရခိုင်နဲ့၊ ရိုးရိုးသားသားကြီးကို မူမနေနဲ့ ကောင်မရဲ့။ ဒါမျိုးတွေ့ဖို့ လွယ်မှတ်လို့"ဟု ဘေးတီးပေးတတ်ကြသော်လည်း ဝိုင်းစိန်မ စိတ်ဆုံးဖြတ်၍ မရနိုင်သေး။ တစ်ခါတစ်ခါတော့ အဖေတို့အမေတို့အတွက်ပါ အဆင်ပြေရေးတွေး၍ ခေါင်းညိတ်မည်ကြံမိသေး၏။

သို့သော်... လူပုံက စိတ်ကူးယဉ်ချင်စရာမရှိ။ ဝိုင်းစိန်မနှင့်တွေ့တိုင်းလည်း ရင်ခုန်ချင်စရာ စကားတစ်ခွန်းမှမပြော။ သူရှာလာသည့်အထဲက ကောင်းပေ့၊ ကြီးပေ့ဆိုသည့် ငါးရံ့ကြီးများ၊ ပုစွန်တုပ်ကြီးများ၊ ငါးဖယ်ခုံးကြီးများကို သီးခြားဖယ်ကာ

"ဒါက ငါ သက်သက်ပေးတာ။ ကုန်ချိန်ထဲ မထည့်နဲ့ နင့်အဖေ၊ အမေတွေ စားဖို့" ဟု တိုတိုပင်ပြောကာ ဝိုင်းစိန်မ လှေဝမ်းထဲ ပစ်ထည့်ပေးသွားတတ်တာကလွဲလို့၊ ဝိုင်းစိန်မမျက်နှာ ဖူးဖူးကလေးကို မြတ်မြတ်နိုးနိုး ငေးတာကလွဲလို့ အထွေအထူး မဆိုတတ်ရှာသော ကိုအောင်ပွင့်သည် ဝိုင်းစိန်မ စိတ်ကူးအိပ်မက်ထဲက မင်းသားကလေးနှင့်တော့ အပုံကြီး ကွာဝေးနေပါသေးသည်။

"ဒီမှာ မြကြေးမုံ... ဂုဏ်တံတိုင်း၊ ငွေတံတိုင်းတွေ ဘယ်လောက်ပဲခြားထားပါစေ၊ ဓားတောင်ကို ကျော်ရကျော်ရ၊ မီးပင်လယ်ကို ဖြတ်ရဖြတ်ရ ကိုယ်ချစ်တဲ့မင်းဆီကို အရောက်လာခဲ့မယ်ဆိုတာ ယုံလိုက်စမ်းပါ မြကြေးမုံ။

ဟော ဟို ကောင်းကင်ပေါ်က လခြမ်းကလေးကို လှေကလေးလုပ်ပြီး စီးချင်ပါတယ်လို့ မင်းပူဆာခဲ့ရင် မရရအောင် ဆွတ်ချူပြီး ဟောဒီချောင်းကလေးထဲမှာ မင်းစီးဖို့ လောင်းကလေး လုပ်ပေးပါ့မယ် မြကြေးမုံ" စသဖြင့် ဟုတ်တာ မဟုတ်တာ အသာထား၊ ဖြစ်နိုင်တာ မဖြစ်နိုင်တာ အသာထားလို့ စကားလုံး အနုအရွများ ဝေဆာချွဲနွဲ့တတ်သော ဓာတ်စက်ထဲက ပြဇာတ်မင်းသားကလေးလို လူမျိုးကို စိတ်ကူးယဉ်ချင်ပါသေးသည်။

ဆက်လက်ဖော်ပြပါမည်။

## ရွှေမြန်မာပြည်

\- ချစ်ရသော ရွှေမြန်မာ၊
အဖိုးတန် ကျောက်မျက်များနဲ့
ဖွံ့ထွားဥစ္စာ၊
စိမ်းလန်းသည့် မြိုင်ဆာယာ
ထိန်းသိမ်းကာဖြင့် တန်ဖိုးသိ၊
ဘိုးဘွားအမွေ ဆက်လက်ထိန်း
ကိန်းဝပ်စံရှိ။

\- ချစ်ရသော ရွှေမြန်မာ၊
မြစ်နဒီ သဘာတို့
အေးမြသာယာ၊
ပင်လယ်နှင့် မြစ်ချောင်းမှာ
ပိုင်ဆိုင်ပါလို့ ပန်းတင့်၊
အဖိုးတန် ပစ္စည်းများ
စည်ကားဂုဏ်မြင့်။

\- ချစ်ရသော ရွှေမြန်မာ၊
ရင်ဆိုင်သည် အခက်ခဲလည်း
လက်တွဲညီညာ၊
သွေးချင်းတို့ စုံညီကာ
မင်္ဂလာ ကျက်သရေဖြိုး၊
တိုးတက်ရန် ကိုယ်စီထမ်းတယ်
လျှောက်လှမ်းသယ်ပိုး။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ကော့မှူးမြို့နယ် ဆပ်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး ဇူလိုင် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးရရှိပြီး မိသားစုစားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် ဆပ်ချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၁၀ ကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာသိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းရန်ပုံငွေကျပ် ၄၅ သန်းကို ဆပ်ချောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဆပ်ချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ကော့မှူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သန္တာသိန်းက ပြောပြ၍ သိရသည်။

**အထွေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အာဇာနည်နေ့နှင့်အမျိုးသားရေးစိတ်ဓာတ်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

၂၀၂၅ ခုနှစ်ဇူလိုင်လ ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ၇၈ နှစ်မြောက် "အာဇာနည်နေ့" ဖြစ်သည်။ အာဇာနည်ဆိုသည်မှာ အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့ပြင် အာဇာနည်ပုဂ္ဂိုလ်ဆိုသည်မှာ ကိုယ်ကျိုးမဖက် အနစ်နာခံခြင်း၊ အမျိုးဘာသာသာသနာအတွက် စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေအရေခန်းခန်း အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့သို့ထွက်၍ မားမားမတ်မတ်ရပ်တည်တာဝန်ခံပေးခြင်း၊ အရာရာကို လမ်းညွှန်ပြသဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထုအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်းစသည့်အရည်အချင်းများနှင့်လည်း ပြည့်စုံသူများဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများသည် ထိုအရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအကျိုးစီးပွားအတွက် မိမိအသက်ကိုပဓာနမထားဘဲ လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ရဲရဲရင့်ရင့်ယုံယုံကြည်ကြည် လုပ်ကိုင်ကြရင်း အသက်ကိုစွန့်လွှတ်သွားကြသည့် အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည်။

**ကြေွလွင့်ခဲ့ရ**

နှစ်စဉ် ဇူလိုင်လရောက်လာပြီဆိုလျှင် တိုင်းသူပြည်သားအားလုံး ဆွေးဆွေးမြည့်မြည့်နာနာကျင်ကျင် ခံစားကြရသည်။ ကြိတ်မနိုင်ခဲမရဖြစ်ခဲ့ရသည့် ထိုဝေဒနာကို လွန်ခဲ့သော ၇၈ နှစ်ကတည်းက မချိတင်ကဲခံစားလာခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာတည်သရွေ့ ထိုဝေဒနာကို ဖျောက်ဖျက်၍ရနိုင်မည်မဟုတ်ချေ။ ထိုဝေဒနာသည် ပြည်သူများကြား အလိုအလျောက် ကိန်းအောင်းနေခြင်းမဟုတ်ပေ။ လွန်ခဲ့သော နှစ် ၇၈ ဇူလိုင် ၁၉ ရက်နေ့ ၁၀ နာရီ ၃၇ မိနစ်ခန့်တွင် နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူလူတစ်စု၏လက်ချက်ကြောင့် မြန်မာနိုင်ငံ၏အာဇာနည်ကြယ်ပွင့်များကြေွလွင့်ခဲ့ရသည်။

မြန်မာ့လူမှုအသိုက်အဝန်းတွင် "သေသောသူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင်တွေ့ဆိုသော" ဆိုရိုးစကားရှိခဲ့သည်။ ထိုစကားအရ ဖွဲ့လုံ့လဝိရိယစိုက်ထုတ်ပြီးရှာဖွေလျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ပျောက်သောသူကို ရှာတွေ့ကောင်းတွေ့ရှိနိုင်သော်လည်း အချိန်ကာလ မည်မျှပင်ကြာညောင်းနေစေကာမူ ခေတ်အဆက်ဆက်မေ့မရနိုင်သည့် ပုဂ္ဂိုလ်ကြီးများ မြန်မာ့သမိုင်းတွင်ရှိခဲ့သည်။ ထိုပုဂ္ဂိုလ်ကြီးများက အခြားသူများမဟုတ်ချေ။ မျိုးချစ်စိတ်ဓာတ်ရှိသောကျွန်တော်တို့ပြည်သူအားလုံး သိရှိထားပြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသည်။ နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူများ၏လက်ချက်ကြောင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးသွားခဲ့သည်မှာ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ၇၈ နှစ်ပြည့်သွားပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးသည် နှစ်စဉ် ထိုနေ့၊ ထိုရက်၊ ထိုအချိန်ရောက်တိုင်း ယူကျုံးမရ၊ နှမြောတသ၊ ပူဆွေးသောက ရောက်ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေစဉ် အကြံပက်စက်သူများ၏လက်ချက်ကြောင့် အချိန်မတိုင်မီကြေွလွင့်ခဲ့ကြရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ ထိုစဉ်က လေ့လော့်ရင်း တက်ကျိုးသလိုဖြစ်ခဲ့ရသည်။ ပြည်သူတို့၏ မျှော်လင့်ချက်မေးမှိန်ခဲ့ရသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ၏လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။

**အခမ်းအနားများကျင်းပ**

နှစ်စဉ် ဇူလိုင်လ ၁၉ ရက်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်မှန်းကာ သံဃာတော်များကို အာရုံဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကပ်လှူခြင်းတို့ပြုလုပ်ပြီး ကောင်းမှုအစုစုကိုအမျှပေးဝေပါသည်။ ထို့နောက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်တီဗီရုပ်သံလိုင်းများမှ ဥသြဆွဲပါသည်။ ထိုအချိန်တွင် သွားလာလှုပ်ရှားနေသော ပြည်သူများနှင့်ယာဉ်များသည် ခေတ္တရပ်နားပြီး အာဇာနည်ပုဂ္ဂိုလ်ကြီးများကိုရည်မှန်းကာ ငြိမ်သက်စွာဖြင့် အမျှဝေဆုတောင်းမေတ္တာပို့ကြသည်။ တစ်နိုင်ငံလုံးရှိပြည်သူအားလုံးသည် အာဇာနည်ပုဂ္ဂိုလ်ကြီးများကိုရည်မှန်းကာ အမျှဝေဆုတောင်းမေတ္တာပို့နိုင်ရန်ဖြစ်သည်။ ကောင်းမွန်သော အစဉ်အလာတစ်ခုပင်ဖြစ်သည်။ ထိုအစဉ်အလာကို မျိုးဆက်သစ်လူငယ်များဆက်လက်ထိန်းသိမ်းထားရန်လိုအပ်သည်။ ထို့ပြင် အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေအိမ်တို့ကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များလေ့လာနိုင်ရန်ဖွင့်လှစ်ပေးထားသည်။

**မျိုးဆက်သစ်တို့၏တာဝန်**

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် နယ်ချဲ့လက်ပါးစေများ မည်သို့ပင်ဟန့်တားနှောင့်ယှက်နေစေကာမူ ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံလျက် မြန်မာ့လွတ်လပ်ရေးကို အသက်ပေးကာရယူပေးနိုင်ခဲ့သည်။ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် မျိုးဆက်သစ်လူငယ်များသည် လွတ်လပ်ရေးအသီးအပွင့်ကိုခံစားနိုင်ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးသည် မျက်စိတစ်မှိတ်အတွင်း ဆုံးရှုံးသွားနိုင်သဖြင့် ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရန်သည် မျိုးဆက်သစ်လူငယ်အားလုံး၏ တာဝန်ဖြစ်သည်။

နှစ်စဉ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရေဒီယိုမှဥသြဆွဲသည့်အခါ မျက်ရည်ဝဲကြရသည်။ ဗိုလ်ချုပ်နှင့်အာဇာနည်ပုဂ္ဂိုလ်များ ကျဆုံးခဲ့ရမှုအပေါ် မချိတင်ကဲဖြစ်ရသည်။ ဗိုလ်ချုပ်သာလုပ်ကြံမခံရလျှင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူများကြား စည်းလုံးညီညွတ်မှုသည် ပိုမိုကျစ်လျစ်ခိုင်မာမည်ဖြစ်သည်။ စည်းလုံးညီညွတ်သောတိုင်းပြည်သည် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ယခုထက်ပိုမိုခံစားရမည်ဖြစ်သည်။

**❖အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်ခင်သောစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့် တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက်လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်သည်။ ❖**

ရှမ်းပြည်နယ်တောင်ပိုင်းပင်လုံမြို့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများကြား စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် အစိုးရအပေါ် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုတဖွဖွပြောဆိုခဲ့သည်။ ဗိုလ်ချုပ်ကျဆုံးသွားသည်မှာ ၇၈ နှစ်ရှိပြီဖြစ်သော်လည်း တိုင်းပြည်အတွင်းငြိမ်းချမ်းရေးခိုင်မာအောင် မတည်ဆောက်နိုင်သေးသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည် ခေါင်းဆောင်ကြီးများအကြောင်းကို ပြောဆိုနေသည်ထက် အလုပ်နှင့်သက်သေပြသွားရန်လည်းလိုအပ်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်သည်ဟုဆိုချင်ပါသည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ရန်သည် လွတ်လပ်ရေးဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းထားသည့် တိုင်းရင်းသားညီအစ်ကိုများကြား စည်းလုံးညီညွတ်မှုကို ဦးစွာခိုင်မာအောင်တည်ဆောက်ပြီးနောက် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သွားရန်လိုအပ်ပါသည်။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တွေးခေါ်မြော်မြင်မှုနှင့် တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ရွေးချယ်ဆောင်ရွက်သွားသည့် အသိပညာတို့ကို အားကျအတုယူသွားရန်လိုအပ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အမှန်တရားကိုချစ်မြတ်နိုးပြီး ကိုယ်ကျင့်တရားကို တန်ဖိုးထားသူတစ်ဦးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အမှန်တရားကိုချစ်မြတ်နိုးသည့် အာဇာနည်ခေါင်းဆောင်ကြီးသည် သတ္တိ၊ ဗျတ္တိရှိပြီး လက်ရုံးရည်၊ နှလုံးရည်နှင့်လည်းပြည့်စုံနေသည့်အပြင် တိုင်းပြည်အတွက် အသက်ကိုပင်ပဓာနမထားဘဲ စွန့်လွှတ်အနစ်နာခံ တာဝန်ထမ်းဆောင်ခဲ့သည်။

**အမျိုးသားရေးစိတ်ဓာတ်**

အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးကိုချစ်ခင်သော စိတ်ဓာတ်ပင်ဖြစ်သည်။ တစ်နိုင်ငံတည်းနေ တစ်မြေတည်းဖွား တိုင်းရင်းသားညီအစ်ကိုများကို ချစ်ခင်ခြင်း၊ စောင့်ရှောက်ခြင်းနှင့်တိုင်းပြည်နှင့်လူမျိုးအကျိုးကို ထာဝစဉ်သယ်ပိုးသွားလိုသည့် စိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် ရှေးကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ဆိုးတူကောင်းဖက်လက်တွဲနေထိုင်လာခဲ့ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်နှင့်လူမျိုးအတွက် အသက်တမျှအရေးပါလှသော ထိုစိတ်ဓာတ်မျိုးကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်သည်။

မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော ဘိုးဘေးဘီဘင်တိုင်းရင်းသားညီအစ်ကိုများသည် နယ်ချဲ့လက်အောက် ရောက်ခဲ့သည့်တိုင်အောင် အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံကာ လွတ်လပ်ရေးရရှိသည်ထိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွတ်လပ်ရေးအတွက် အရေးပါသည့်အာဇာနည်နေ့၏ အနှစ်သာရကို မျိုးဆက်သစ်လူငယ်များကြား အမှတ်ထင်ထင်ရှိနေရန်လည်းလိုအပ်သည်။ သို့မှသာလျှင် မိမိတိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်နှင့် အချုပ်အခြာအာဏာ၏အရေးပါမှုတို့ကို တန်ဖိုးထားတတ်လာနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမျိုးသားရေးစိတ်ဓာတ်နှင့် ထိုခံယူချက်တို့ကို လေးစားအားကျအတုယူပြီး အနာဂတ်တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှအပြည့်အဝ ဆောင်ရွက်ပါဝင်သွားရန်လိုအပ်သည်။ အထူးသဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်သွေးချွေးများစွာပေးဆပ်၍ရရှိခဲ့သော အမိမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ ထာဝစဉ်တည်မြဲနေရန်သည် မျိုးဆက်သစ်တို့၏သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြပါစို့ဟု တိုက်တွန်းရင်း ၇၈ နှစ်မြောက်အာဇာနည်နေ့ကို ဦးညွှတ်ကြိုဆိုရေးသားအပ်ပါသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၇၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မြေပဲ ၁၁၃၂၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၇၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း မြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော၊ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။ (၂၀၆)

# လင်းခေးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လင်းခေး ဇူလိုင် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်ကျိုင်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်ကျိုင်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

လင်းခေးမြို့နယ် ပန်ကျိုင်းကျေးရွာနှင့် ဝမ်မိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာများရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။



အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နှံကားစပါးတင်းရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း နှံကားစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရန်ကုန်ဈေးကွက်ကို နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ နှံကားစပါးကို အများအပြား ဝယ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ အခုလို ဆန်စပါးတွေ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန်တင်ပို့တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်" ဟု အိမ်မဲမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ထွက်ရှိသည့် နှံကားစပါးအပါအဝင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ဆယ်လံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆယ်လံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၇ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကျောက်တံခါးမြို့နယ် ကျွန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျောက်တံခါး ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကျွန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျွန်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၆၉ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# မလေးရှားနိုင်ငံ ကန်နာဘာလူတောင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး တောင်တက်လမ်း ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ကွာလာလမ်ပူ ဇူလိုင် ၁၂

မလေးရှားနိုင်ငံ ကန်နာဘာလူတောင်ပေါ်တွင် ဇူလိုင် ၁၁ရက်က ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီးနောက် ယနေ့တွင် တောင်တက်လမ်း ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကန်နာဘာလူတောင်ပေါ်တွင် ဇူလိုင် ၁၀ရက်ကစကာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဇူလိုင် ၁၁ ရက်တွင် တောင်တက်လမ်းဇရိယာကိုဖြတ်ကာ ရေများ လျှင်မြန်စွာ စီးဆင်းလာခဲ့ကြောင်း၊ အဆိုပါတောင်ပေါ်သို့တက်ရောက်ခဲ့သည့် တောင်တက်သမား ၁၅၅ ဦး တောင်ပေါ်သို့ရောက်စဉ် ထိုရေကြီးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ တောင်တက်လမ်းပြများက ၎င်းတောင်တက်သမားများကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်ဟု မလေးရှားနိုင်ငံ SAR နှင့် MOSAR အဖွဲ့မှ တောင်တက်လမ်းပြများက ပြောကြားခဲ့ကြောင်း သိရသည်။

"အခုလို ဘေးကင်းကင်းဖြတ်ကျော်နိုင်ခဲ့တာဝမ်းမြောက်ဖွယ်ရာပါ။ အခုလိုအခြေအနေတွေကြုံလာရရင် မထိတ်လန့်ဖို့နဲ့တောင်တက်သမားတွေရဲ့ အသက်အန္တရာယ်ဘေးကင်းမှုအတွက် တောင်တက်လမ်းပြတွေရဲ့ ညွှန်ကြားချက်တွေအတိုင်း အတိအကျလိုက်နာဖို့လိုပါတယ်"ဟု မလေးရှားနိုင်ငံ SAR နှင့် MOSAR အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၄၀၉၅ မီတာမြင့်သော ကန်နာဘာလူတောင်သည် မလေးရှားနိုင်ငံ၏ အမြင့်ဆုံးတောင်ဖြစ်ပြီး အပတ်စဉ် ရာနှင့်ချီသော တောင်တက်သမားများ လာရောက်လည်ပတ်လေ့ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မိုးသက်လေပြင်း ကျရောက်မည်ဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၁၂

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မိုးသက်လေပြင်း ကျရောက်မည်ဖြစ်ကြောင်း အမျိုးသား မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးသက်လေပြင်း ကျရောက်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုပါ ဖြစ်ပေါ်လာနိုင်ကြောင်း၊ မိုးသက်လေပြင်းသည် မီချီဂန်ပြည်နယ်တောင်ဘက်ပိုင်း ဒေသများသို့ ဝင်ရောက် တိုက်ခတ်မည်ဖြစ်ကြောင်း၊ မိုးသက်လေပြင်းသည် မွန်းလွဲပိုင်းအချိန်တွင် ဝင်ရောက်တိုက်ခတ်မည်ဖြစ်ကြောင်း၊ မိုးရေချိန်မှာ တစ်လက်မ ရှိနိုင်ကြောင်း သတိပေးထားသည်။

"မီချီဂန်ပြည်နယ်မှာ မိုးသက်လေပြင်း ကျရောက်နိုင်သလို မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ မိုးသက်လေပြင်းဟာ မီချီဂန်ပြည်နယ် တောင်ဘက်ပိုင်းကို ဦးတည်တိုက်ခတ်နိုင်ပြီးတော့ မိုးရေချိန်ဟာလဲ တစ်လက်မ ရှိနိုင်ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရွာသွန်းမှုအပြီး နာရီပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အမျိုးသားမိုးလေဝသညွှန်ကြားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမျိုးသား မိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ မိုးလေဝသ ခန့်မှန်းချက်များအရ မိုးသက်လေပြင်းကျရောက်မှုအပြီးတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ မိုးသက်လေပြင်း ကျရောက်မှုအပြီး အပူချိန်မြင့်တက်မှုပြဿနာဖြစ် ရင်ဆိုင်ရနိုင်သည့်အတွက် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သည့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် လိုအပ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဆားဘီးယားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် တောမီးကူးစက်နိုင်သည့် မြို့များကို တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်

ဘဲလ်ဂရိတ် ဇူလိုင် ၁၂



ဆားဘီးယားနိုင်ငံတွင် တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပြီး တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့်အတွက် တောမီးကူးစက်လာနိုင်သည့်မြို့များကို ဆားဘီးယားအစိုးရက ဇူလိုင် ၁၁ ရက်တွင် တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားသည်။

ဆားဘီးယားနိုင်ငံ တောင်ဘက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဇူလိုင် ၇ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး နေရာတချို့တွင် တောမီးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း ထိန်းချုပ်ရခက်နေသည့် အခြေအနေမျိုးဖြင့် ရင်ဆိုင်နေရသည့်နေရာအမြောက်အမြားရှိလာခဲ့ခြင်းဖြစ်ကြောင်း ဆားဘီးယားအစိုးရအဖွဲ့ အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဇူလိုင် ၇ ရက်ကနေ စပြီးတော့ ဆားဘီးယားနိုင်ငံ တောင်ဘက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါတယ်။ နေရာတချို့မှာတော့ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်။ မြို့တော်တော်များများမှာတော့ လူနေအိမ်ခြေတွေဆီကို ကူးစက်နိုင်တဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရပါတယ်"ဟု Serbian Police Assistant Director လူကိုဗစ်က ပြောကြားခဲ့သည်။

တောမီး အရေးပေါ်အခြေအနေရောက်ရှိနေသော မြို့များအနက် အဆိုးရွားဆုံးမြို့များမှာ ဘိုနစ်ခ်မြို့၊ လီဘိန်းမြို့၊ အလက်စီနက်ခ်မြို့၊ ရာကာမြို့၊ ကနစ်မြို့၊ ဗီတိုရာဒါမြို့၊ ဘလေ့စ်မြို့၊ ကာဆမ်လီဂျာမြို့၊ ကိုလူဘက်မြို့နှင့် မီအိုနီကိုမြို့တို့ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်နေပြီး ခရမ်းလွန်ရောင်ခြည်များ ပြင်းထန်နိုင်

လန်ဒန် ဇူလိုင် ၁၂

အင်္ဂလန်နိုင်ငံ တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နေပြီး ခရမ်းလွန်ရောင်ခြည်များ ပြင်းထန်နိုင်ကြောင်း အင်္ဂလန်နိုင်ငံ အာဏာပိုင်များက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဇူလိုင် ၁၀ ရက်က စတင်၍ အပူလှိုင်း ဖြတ်သန်းခဲ့ခြင်းဖြစ်ပြီး အပူလှိုင်းဖြတ်သန်းမှုသည် ဇူလိုင် ၁၅ ရက်ထိ ကြာမြင့်သွားနိုင်ပြီး ခရမ်းလွန်ရောင်ခြည် ပြင်းထန်နိုင်သည့်အတွက်ကြောင့်လည်း ခရမ်းလွန်ရောင်ခြည်ကာကွယ်ရေးအတွက် အမိုးအကာအောက်၌သာ နေထိုင်သွားသင့်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး ရောဂါဝေဒနာခံစားရသူများအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နိုင်ရေးအတွက် လူနာတင်ယာဉ်များကို စုဖွဲ့ထားကြောင်းကို South Central Ambulance Service NHS Foundation Trust (SCAS)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"အပူချိန် မြင့်တက်မှုတွေက ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့ အခြေအနေရောက်ရှိနေပါတယ်။ ကိုယ်ခန္ဓာက ရုတ်တရက် အပူချိန်မြင့်တက်လာပြီး မိနစ် ၃၀ အတွင်း အပူချိန်ကျမသွားဘူးဆိုရင်တော့ အန္တရာယ်ရှိနိုင်ပါတယ်။ လူနာတင်ယာဉ်ချက်ချင်းခေါ်ဖို့အတွက် သတိပေးလိုပါတယ်။ မိနစ် ၃၀ ထက်ကျော်လွန်သွားရင်တော့ အပူလျှပ်တမျိုး ရုတ်တရက်ဖြစ်လာနိုင်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုခံယူရမှာဖြစ်ပါတယ်။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုတွေ လိုအပ်တဲ့ လူနေတွေကိုဆေးရုံသို့ အမြန်ဆုံးပို့ဆောင်နိုင်ဖို့အတွက် လူနာတင်ယာဉ် လုံလောက်မှုရှိဖို့အတွက် စုဖွဲ့ထားပြီးဖြစ်ပါတယ်"ဟု SCAS မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များက ဂေဟစနစ်များအပေါ် သက်ရောက်မှုရှိကြောင်း UNEP ၏ အစီရင်ခံစာတွင် ဖော်ပြထား

နိုင်ရိုဘီ ဇူလိုင် ၁၂

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များက ပြင်းထန်သော ရာသီဥတုအခြေအနေများကို ဖြစ်စေကာ ဂေဟစနစ်များအပေါ်သက်ရောက်မှုရှိကြောင်း ကင်ညာနိုင်ငံ နိုင်ရိုဘီတွင် အခြေစိုက်သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဇူလိုင် ၁၁ ရက် သတင်းများအရ သိရသည်။

UNEP ၏ အစီရင်ခံစာတွင် ကမ္ဘာ့အပူချိန် မြင့်တက်လာခြင်းသည် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေကြောင်း၊ ထို့ပြင် ရာသီဥတုပြောင်းလဲမှုသည် ရေခဲပြင်များ၏ ရေခဲဖုံးထုထည်ကို လျော့နည်းစေပြီး အရည်ပျော်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ရေခဲများအရည်ပျော်လာသည့်အခါ ၎င်းရေခဲများအတွင်းတွင် ခိုအောင်းနေသော ဗက်တီးရီးယား၊ မှိုနှင့် ဗိုင်းရပ်စ်များကဲ့သို့သော ရောဂါဖြစ်စေသောပိုးများ ထွက်လာနိုင်ကြောင်း ဖော်ပြထားသည်။

"အစီရင်ခံစာမှာ ဖော်ပြထားတဲ့ ပေါ်ပေါက်လာနိုင်တဲ့ပြဿနာတွေကို လျစ်လျူမရှုဘဲ တက်တက်ကြွကြွလုပ်ဆောင်ကြဖို့လိုပါမယ်။ ဒါမှ ဂေဟစနစ်ကို ဆိုးကျိုးသက်ရောက်မှုဖြစ်စေတဲ့ သဘာဝဘေးကနေ သက်သာရာရပြီး လွတ်မြောက်မှာဖြစ်ပါတယ်။ ဒါတွေကို သက်ဆိုင်ရာအဖွဲ့တွေနဲ့ ကမ္ဘာ့သူ၊ ကမ္ဘာ့သားအားလုံး ပူးပေါင်းလုပ်ဆောင်သွားကြမှ အောင်မြင်မှာဖြစ်ပါတယ်"ဟု UNEP အမှုဆောင်ဒါရိုက်တာ အင်ဂါအန်ဒါဆန်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် အစီရင်ခံစာတွင် ရေလွှမ်းမိုးမှုဖြစ်စဉ်များ ပိုမိုအဖြစ်များလာကာ လူသားနှင့် တိရစ္ဆာန်များ၏ အစားအစာကွင်းဆက်များကို ကမောက်ကမဖြစ်စေနိုင်ကြောင်း၊ သဘာဝဘေးများသည် ခန့်မှန်းမှန်းဆရန် မလွယ်သဖြင့် ဥရောပနှင့် မြောက်အမေရိကတို့ရှိ သက်တမ်းရင့် ရေကာတာများကို ပြုပြင်ထိန်းသိမ်းရန်လိုကြောင်းနှင့် ထိုရေကာတာများအသုံးမပြုတော့ပါက စနစ်တကျ ဖယ်ရှားမှုများပြုလုပ်သင့်ကြောင်း ဖော်ပြထားသည်။

Ref : Sputnik News

Trs : KZ

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ကောင်းမှုတစ်ခု မှန်မှန်ပြု



ကလေးတို့ရေ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ ပုံပြင်လေးကတော့ "ကောင်းမှုတစ်ခု မှန်မှန်ပြု"ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ မောင်ကျော်နဲ့ မောင်ဇော်ဆိုတဲ့ သူငယ်ချင်း နှစ်ယောက်ရှိကြသတဲ့။ သူတို့သူငယ်ချင်းနှစ်ယောက်ဟာ အင်မတန်ပဲ ချစ်ခင်ကြသတဲ့ကွယ်။ ငယ်သူငယ်ချင်းတွေ ဖြစ်တဲ့အားလျော်စွာ ဘာပဲလုပ်လုပ် အတူတူ လုပ်လေ့ရှိကြသတဲ့။ ကောင်းတာလုပ်ရင်လဲ အတူတူ၊ မကောင်းတာလုပ်တော့လဲ အတူတူပဲတဲ့ကွယ်။ သူတို့နှစ်ယောက်က ဘယ်လိုဘဝမျိုးပဲရောက်ရောက် အတူတူဖြတ်သန်းကြမယ်လို့ ဆုံးဖြတ်ထားကြသတဲ့။

ကောင်းတာဆိုတာကတော့ ရပ်ရွာရဲ့ စုပေါင်းလမ်းပြင်တာတို့၊ ရပ်ရေးရွာရေးအလုပ်တွေမှာ ကျရာတာဝန် ပါဝင်လုပ်ဆောင်တာမျိုးတို့ကို ဆိုလိုတာပါကွယ်။ ဒါက တစ်ခါတလေမှပါ။ တကယ်တော့ သူတို့က မကောင်းတဲ့အကုသိုလ်အလုပ်တွေပဲ အမြဲလုပ်လေ့ရှိကြသတဲ့။ နှစ်ယောက်အတူတူ တောလည်ထွက်တာတို့၊ ဖားရှာ၊ ငါးရှာတာတို့ကို နေ့စဉ်လိုလိုလုပ်လေ့ရှိကြသတဲ့။ ရွာရဲ့ အသားသတ်လိုင်စင်ကိုလဲ သူတို့နှစ်ယောက်ပဲ ကိုင်ဆောင်ထားကြသတဲ့။ ဒါကြောင့်လဲ ရွာထဲမှာ ဆိတ်ပဲသတ်သတ်၊ ဝက်ပဲသတ်သတ် သူတို့လက်ရာတွေချည်းပဲတဲ့လေ။ ညနေစောင်းလို့ သူတို့ရွာထဲကို ဝင်လာပြီဆိုရင် ခွေးဟောင်သံတွေနဲ့ အမြဲဆူညံနေတတ်သတဲ့။ သူတို့ကို ခွေးတွေက အမြဲဟောင်လေ့ရှိကြသတဲ့။ သူတို့ဆီက ညှီစို့စို့ ရနံ့တွေရတော့ ခွေးတွေက သရဲသဘက်လို့ ထင်ပြီးဟောင်ကြသတဲ့။ အဲဒီလို မုဆိုးအလုပ်၊ တံငါအလုပ်တွေကိုလုပ်ကိုင်ရင်း သူငယ်ချင်းနှစ်ယောက်ဟာ အသက်အရွယ်ကြီးရင့်လာကြသတဲ့။ သူတို့ဟာ အသားဟင်း၊ ငါးဟင်းမပါရင် ထမင်းမစားတတ်ကြဘူးတဲ့ကွယ်။

အသက်အရွယ်ရလာကြတော့ တောလည်တဲ့အခါ အရင်လို သွက်သွက်လက်လက် မရှိကြတော့ဘူးပေါ့ကွယ်။ တစ်ခါတလေ တောဝက်တို့၊ ခွေးအတို့နဲ့ တွေ့တဲ့အခါ ငယ်ငယ်တုန်းကလို ပိုင်ပိုင်နိုင်နိုင် မသတ်ဖြတ်နိုင်ကြတော့ဘူးတဲ့။ တစ်ခါတစ်ရံ အကောင်ကြီးကြီးနဲ့တွေ့ရင် ရှောင်ပုန်းနေကြရသတဲ့။ ဒါနဲ့ ဦးမောင်ကျော်က ဘာလုပ်သလဲဆိုရင် ညအိပ်ရာဝင်ခါနီး ည ၈ နာရီတိုင်း သရဏဂုံကို သက်စေ့ရွတ်သတဲ့။ အကြောင်းကတော့ တစ်နေ့တာ တောလည်တဲ့အခါ ဘေးအန္တရာယ်ကင်းအောင်လို့တဲ့ ကလေးတို့ရေ။ တကယ်လဲ အန္တရာယ်ကင်းသတဲ့။ ဘယ်လို ရည်ရွယ်ချက်နဲ့ပဲရွတ်ရွတ် သရဏဂုံက လူမျိုးမရွေး၊ ဘာသာမရွေး အကျိုးပေးသတဲ့။ ဒီလိုညတိုင်း သရဏဂုံရွတ်တာကို အစမ်းရွတ်ကြည့်ရင်းကနေ အကျိုးထူးလာတာနဲ့ ဦးမောင်ကျော်ဟာ အမြဲရွတ်ဖြစ်သွားသတဲ့။ ဦးမောင်ကျော်ဟာ တစ်နေ့လုံး အကုသိုလ်အလုပ်တွေလုပ်ပြီး အိပ်ရာဝင်ခါနီး အဲဒီလို ရွတ်လာတာ ၁၀ နှစ်တောင်ကျော်လာသတဲ့။

ဒါနဲ့ သူ့သူငယ်ချင်း ဦးမောင်ဇော်ကိုလဲ ရွတ်ကြည့်ဖို့ တိုက်တွန်းသတဲ့။ ဦးမောင်ဇော်ကတော့ ဒါတွေကို အယုံအကြည်မရှိဘူးတဲ့။ ဒီလိုနဲ့ တစ်နေ့မှာတော့ ရွာထဲမှာ သတင်းထူးတစ်ခု ကြားကြရသတဲ့။ ဦးမောင်ကျော်တို့ သူငယ်ချင်းနှစ်ယောက် တောထဲမှာ ပျားကောင်ကြီးတွေ ဝိုင်းတုပ်တာခံရလို့ သတိလစ်မေ့မြောနေကြတယ်ဆိုတဲ့အကြောင်း၊ နောက်တော့ ရွာသားတွေက သွားသယ်ယူခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေပေါ့ကွယ်။ ပျားအုံကြီးကို အခြားလူတွေက ဖွပ်သွားလို့ ပျားတွေဒေါသကြီးနေတဲ့အချိန် ဦးမောင်ကျော်တို့နဲ့တွေ့တာလို့ဆိုတယ်။ ဦးမောင်ဇော်ဟာ ဒဏ်ရာပြင်းထန်တဲ့အတွက် အဲဒီနေ့ ညနေပိုင်းမှာပဲ သေဆုံးသွားသတဲ့။ သူသေခါနီးတော့ သူ့စိတ်ထဲမှာ နွားမကြီးတစ်ကောင်ကို အာရုံရပြီး သေဆုံးသွားသတဲ့ကွယ်။ အကုသိုလ်အကျိုးပေးပဲ ဆိုပါတော့လေ။ ဒါနဲ့ သူဟာ ဆင်းရဲတဲ့အိမ်က နွားမကြီးတစ်ကောင်ရဲ့ဝမ်းဗိုက်ထဲမှာ သန္ဓေတည်ပြီး နွားဘဝကို ရောက်ရှိသွားသတဲ့။

ဦးမောင်ကျော်ကတော့ သေလောက်တဲ့ထိ ဒဏ်ရာမရရှိပါဘူးတဲ့ကွယ်။ သူဟာ နောက်သုံးနှစ်လောက်နေပြီးမှ အပြင်းအထန်ဖျားနာပြီး ည ၈ နာရီ အချိန်လောက်မှာ သေဆုံးသွားသတဲ့ကွယ်။ သူဟာ သေဆုံးခါနီးဆဲဆဲမှာ "ဒီအချိန်ဟာ ငါသရဏဂုံရွတ်နေကျအချိန်ပဲ"လို့ အတွေးဝင်မိသတဲ့။ အဲဒီအခါ သူ့ရဲ့အကုသိုလ်တွေက အကျိုးပေးဖို့ အခွင့်မသာတော့ဘူးတဲ့ကွယ်။ သူသေဆုံးသွားတဲ့အခါ သရဏဂုံ အစွမ်းကြောင့် နတ်ပြည်မှာ အရောင်အဝါတောက်ပတင့်တယ်တဲ့ နတ်သားတစ်ပါးဖြစ်သွားသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ ကလေးတို့ရေ။ ဒီပုံပြင်လေးကို နားထောင်ပြီး ကလေးတို့လဲ မကောင်းမှု အကုသိုလ်တွေကို ရှောင်ရှားကာ ကောင်းမှုကုသိုလ်တွေကို ကျင့်ကြံပွားများရမယ်နော်။ အနည်းဆုံးတော့ ဒီပုံပြင်လေးထဲက ဦးမောင်ကျော်လိုပဲ ကောင်းမှုတစ်ခုကို အချိန်မှန်မှန်၊ ပုံမှန်မပြတ်ပွားများပြီးတော့ ယခုဘဝအတွက်ရော၊ နောင်သံသရာအတွက်ပါ ကောင်းကျိုးတွေပေးလိမ့်မယ်ဆိုတာ ဒီပုံပြင်လေးက မီးမောင်းထိုးဖော်ပြလိုက်တာမို့လို့ ကလေးတို့အားလုံး လိုက်နာကျင့်သုံးနိုင်ကြပါစေကွယ်။

**ဆလိုင်းသန်းဇော်ဝင်း**

## ဆရာမိဘ အဓိက

- ကလေးငယ်တွေ ပညာပြည့်ဝ
  ဆရာမိဘ အဓိကပါ။
- လိမ္မာကြကာ အသိလှဖို့
  မိဘတို့က ယဉ်ကျေးရာ။
- ပညာတတ်ကာ စာနာဖို့က
  ဆရာတို့မှ သင်ကြားရာ။
- သို့မှသာလျှင် တက်ကုန်မောင်းလို့
  ဘက်စုံကောင်းဖို့ အသွင်လှမှာ
  ယဉ်ကြရာ သင်ပြကာ။ ။



**ခင်ဖုန်းကြည်(မိုင်းပွန်)**
**စာပေဗိမာန်စာမူဆုရ**

## လိမ္မာယဉ်ကျေး မောင်မယ်ရင်သွေး

- ဘုရားတရား မြတ်သံဃာ
  မိဘနှင့်ဆရာ၊
  လက်ဆယ်ဖြာ ထိပ်မှာမိုး
  ညစဉ်တိုင်းရှိခိုး။
- ကြည်ညိုရိုကျိုး ကြီးသူကို
  ရွယ်သူလေးစားပို၊
  ငယ်သူလေးဆို သနားကြ
  ကြင်နာကာဖေးမ။
- ကိုယ်ကျင့်သီလ ဖြူစင်စွာ
  မာန်မာနဖယ်ခွာ၊
  ယဉ်ကျေးလိမ္မာ နှုတ်စကား
  ပြောဆိုကြစို့လား။ ။



**မောင်ချမ်းမြွေ(ပညာရေး)**

# မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၄၇၃၆ ဧကကို စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၈၄၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများကို အခက်အခဲမရှိစိုက်ပျိုးရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးတဲ့ရာသီမှာ စားဖိုဆောင်သီးနှံ လျာထားဧက ၅၀၀၀ နီးပါးထိ စိုက်ပျိုးမှာဖြစ်တယ်။ လက်ရှိဧက ၃၈၀၀ ကျော်ထိ စိုက်ပျိုးနိုင်ပြီဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်တဲ့ဧကတွေ ဆက်လက်စိုက်ပျိုးနေပါတယ်။ စိုက်ထားတဲ့ အသီးအနှံတွေမှာလဲ ပိုးမွှား အန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့၊ ဈေးကွက်ဝင် အသီးနှံတွေဖြစ်ဖို့ နည်းပညာတွေကိုမစိုက်မီစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ စားဖိုဆောင်သီးနှံတွေကို စိုက်တဲ့အချိန် ပိုးသတ်ဆေးသုံးစွဲရာမှာ စနစ်တကျသုံးစွဲဖို့ မလိုအပ်ဘဲ မသုံးစွဲဖို့ကို နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် ခဝဲသီး၊ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ နံနံ၊ မုန်လာ၊ ခရမ်း၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုဇွန်၊ တိုင်ထောင်ပဲ စသည့်သီးနှံများကို စိုက်ပျိုးနေကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သော သီးနှံများကို အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ သွားရောက်ပြီး တောင်သူများနှင့် တွေ့ဆုံကာ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ်တွင် နွေနှမ်းဧက ၁၈၉၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၁၈၉၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက နှမ်း ၅၇၆၁၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ နှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၈၉၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇ ဒသမ ၁၂တင်း ထွက်ရှိကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို ဇွန်လတတိယပတ်မှစပြီး ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ဒီနေ့မှာ ဧက ၁၈၉၅၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေနှမ်းရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အချိန်မီ ရိတ်သိမ်းကြဖို့၊ ရိတ်သိမ်းပြီးတဲ့နှမ်းတွေကိုလဲ အရည်အသွေးကောင်းမွန်စေဖို့ အမိုးအကာအောက်မှာ စနစ်တကျထားသိုထိန်းသိမ်းကြဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသောနှမ်းများသည် အရည်အသွေးကောင်းမွန်ကာ အခြားစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထွက်ရှိသောနှမ်းများထက် ဈေးကောင်းရရှိခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်၍ ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**









ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၁၀၇ x ၁၀၈ ကြား၊ ၇၂ လမ်းနေ ဒေါ်စုစုမွန် (ဘ) ဦးရွှေကို(၉/ခမစ(နိုင်)၀၂၅၀၀၆)ကိုင်ဆောင်သူ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

YOFFER ENERGY GREEN COFFEE

**ကုန်အမှတ်တံဆိပ် မှတ်ပုံတင်အမှတ်(၈၅၇/၂၀၂၅)**

အထက်ဖော်ပြပါ "YOFFER ENERGY GREEN COFFEE" အမည်နှင့် အမှတ်အသားတံဆိပ်(လိုဂို)ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်အမှတ်(၈၅၇/၂၀၂၅)အရ ကျွန်ုပ်တို့၏ မိတ်ဆွေက မူလပိုင်တစ်ဦးတည်းသုံးစွဲရန် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏ "YOFFER ENERGY GREEN COFFEE" အမှတ်တံဆိပ်ကော်ဖီကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် လက်လီလက်ကားဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေမှ မှတ်ပုံတင်သွင်းပြီးဖြစ်သော "YOFFER ENERGY GREEN COFFEE" အမည်နှင့် အမှတ်အသားတံဆိပ်(လိုဂို)တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ တုပခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။

အကယ်၍ ဆင်တူယိုးမှားတုပသုံးစွဲပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေအတွက် နစ်နာကြေးငွေများကိုပါ ထည့်သွင်းကောက်ခံသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်စုစုမွန်
(၉/ခမစ(နိုင်)၀၂၅၀၀၆)

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေဝင်းအိ(LL.B)(D.B.L) တရားလွှတ်တော်ရှေ့နေ
ဒေါ်ခင်သူဇာဦး(LL.B) တရားလွှတ်တော်ရှေ့နေ

ဒေါ်ပိုးအိဖြူ(LL.B)
အထက်တန်းရှေ့နေ
ပြည်သာယာလမ်း၊ ငွေတော်ဝင်လမ်းသွယ်(၁x၂)ကြား၊
ရပ်ကွက်ကြီး (၈)၊ ပြင်ဦးလွင်မြို့။
၀၉-၄၀၂၆၇၅၀၉၁၊ ၀၉-၄၀၀၄၅၁၇၈၅)

**အိမ်ပြင်ပဉ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## သမီးအဖြစ်မှ အမွေပြန်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သန့်ဇင်ကုန်းကျေးရွာနေ ဦးအေးကြူ + ဒေါ်အေးမြင့်တို့၏သမီး မချယ်ရီထွန်း(၉/ပသက(နိုင်)၁၁၆၄၉၀) သည် မိဘ၊ မောင်နှမများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုဂုဏ်သိက္ခာ ညှိုးနွမ်းစေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ၎င်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ ဖုန်း call ဖြင့်ဖြစ်စေ၊ Online Social Media များမှဖြစ်စေ၊ မိသားစုသိက္ခာထိခိုက်စော်ကားပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးအေးကြူ + ဒေါ်အေးမြင့်
(၉/ပသက(နိုင်)၀၃၆၅၄၄)
(၉/ပသက(နိုင်)၀၄၀၅၇၉)

## ပျောက်ဆုံးကြောင်း

သီပေါမြို့၊ ပန်းတိန်တောင်ရပ်ကွက်၊ နန်းရွှေဦး (ဘ) ဦးချန်အင်းဆိုင်(၁၃/သပန(နိုင်)၀၂၀၃၈၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-177151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၃၆၂၅၈၈

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ဦးရဲမျိုးအောင် + နန်းလောဝ်နွန်းခမ်းတို့၏သား ဆန်းဖလားဝါး ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်သီဟန်စိုးအား စိုင်းသီဟန်စိုး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **စိုင်းသီဟန်စိုး**

**အဖိုးတန် ရေချိုကို ချွေတာပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပညာ"သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်"ကို ရရှိစေ...

❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီး တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ပြုလုပ်သော ပညာရေးဆိုင်ရာ အသုံးချသုတေသနနိုင်ငံတကာညီလာခံ(၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်**

စာမျက်နှာ- ၁၆

**အလုပ်ရှင်နှင့် အလုပ်သမားကြားက ကျင့်ဝတ်များ**

ဆောင်းပါး စာမျက်နှာ- ၂၃

## ရောဝတီ၊ စစ်တောင်းနှင့် ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်၊ တောင်ငူမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးဗြဲ-ဖယ်ခုံ-ပင်လောင်းဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်၊ ဒေသခံပြည်သူများ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်



အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၂

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စိစစ်ဆဲနိုင်ငံခြားသားအချို့၏ လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်အောက်မှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေရန် စစ်ရေးဆိုင်ရာ အကြံပေးမှုနှင့် ဆေးကုသရေးအဖွဲ့အချို့ ကိုယ်တိုင်ပါဝင်ပြီး မိုးဗြဲမြို့နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အချက်အချာလမ်းဆုံတစ်ခုဖြစ်သည့် မိုးဗြဲမြို့တစ်မြို့လုံးအား ထိန်းချုပ်ခဲ့မှုအပေါ် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter–Terrorism Operation)ကို အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ မိုးဗြဲမြို့အား

စာမျက်နှာ ၂၂ ကော်လံ ၁ ☆


